# လောကပါလ

## ဥပဒေရေးရာစာစောင်

ISSN 1513-9174

အမှတ်စဉ် – (၃၆) ဧပြီလ၊ ၂၀၁၀ ခုနှစ်



**မြန်မာနိုင်ငံရှေ့နေများကောင်စီ**

Funded by: **Friedrich Naumann Stiftung (FNS)**

# လောကပါလဥပဒေရေးရာစာစောင်

**အမှတ်စဉ် [၃၆]**

**၂၀၁၀ ခုနှစ်၊ ဧပြီလ**

## မြန်မာနိုင်ငံရှေ့နေများကောင်စီ

ထောက်ပံ့သည့်အဖွဲ့အစည်း – Friedrich Naumann Stiftung (FNS)


ထုတ်ဝေဖြန့်ချိ – **မြန်မာနိုင်ငံရှေ့နေများကောင်စီ**

မူပိုင် – **မြန်မာနိုင်ငံရှေ့နေများကောင်စီ**

မျက်နှာဖုံးဒီဇိုင်းနှင့်ကွန်ပြူတာစာစီ – သူရိန်၊ သန်းနိုင်ထွေး

သတ်ပုံသတ်ညွှန်း – ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့



**ပညာပေးရေးအတွက် ထပ်ဆင့် ကူးယူဖြန့်ချိမှုများကို အားပေးသည်။**


**ဥပဒေ ပညာဖြင့် လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှုကို တည်ဆောက်အံ့**

# မြန်မာနိုင်ငံရှေ့နေများကောင်စီ
P.O. Box 144,  Mae Sot, Tak-  63110, Thailand
E-mail : blcsan@ksc.th.com, Website: www.blc-burma.org



လောကပါလဥပဒေရေးရာစာစောင်၊ အမှတ်စဉ် (၃၆)၊
၂၀၁၀ ခုနှစ်၊ ဧပြီလ


## မာတိကာ


**(၂၀၁၀) ရွေးကောက်ပွဲ** — **စာမျက်နှာ**

❖ နအဖ စစ်အစိုးရ ကျင်းပပေးမည်ဆိုသည့် ၂၀၁၀ ရွေးကောက်ပွဲ သည် မကျင်းပမီကပင် လွတ်လပ်မှုတရားမျှတမှု မရှိကြောင်း သုံးသပ်ထုတ်ပြန်ချက် ၄

❖ နအဖထုတ်ပြန်လိုက်တဲ့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူး နှင့် ဘီဘီစီ တွေ့ဆုံမေးမြန်းခန်း ၁၁

❖ ၂၀၁၀ ရွေးကောက်ပွဲဆိုင်ရာဥပဒေများ နှင့် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ ၁၄

❖ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ဖျက်သိမ်းရမည်ဖြစ်ကြောင်း ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက် ၁၈

**ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ**

❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၆၃) ၂၃

❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၆၄) ၂၇

❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၆၅) ၃၁

❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၆၆) ၃၅

**ဥပဒေစိုးမိုးရေး**

❖ အကြမ်းဖက်ဖောက်ခွဲမှုများနှင့် ပတ်သက်၍ အခြေအမြစ်မရှိသည့် စွပ်စွဲချက်များအပေါ် မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ ထုတ်ပြန်ကြေညာချက် ၃၉

❖ နအဖ စစ်အစိုးရ၏ အုပ်ချုပ်မှုအောက်၌ တနေ့တခြားတိုးပွားလာသည့် တပ်ပြေး ပြဿနာများအပေါ် ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက် ၄၁

## မာတိကာ

စာမျက်နှာ

❖ ညှဉ်းပန်းနှိပ်စက်မှုများကျူးလွန်၍ ဖြောင့်ချက်ရယူခြင်းသည် ပြစ်မှုကျူး လွန်ခြင်းဖြစ်ကြောင်း ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက် ၄၄

**နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးနှင့် မြန်မာ့ရေးရာ**

❖ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ညီလာခံကို တင်သွင်းတဲ့အစီရင်ခံစာနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေ အတွင်းရေးမှူး ဦးအောင်ထူးနှင့် အာအက်ဖ်အေမှ ကိုကျော်ကျော်အောင် ဆက်သွယ်မေးမြန်း ခန်း။ ၄၇

❖ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး အကြောင်း သိကောင်းစရာ ၅၀

❖ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့ စည်းရေး ဆိုင်ရာ ထုတ်ပြန်ချက် ၅၉

---



လောကပါလ ဥပဒေရေးရာစာစောင်
အမှတ်စဉ် (၃၆)
၂၀၁၀ ခုနှစ်၊ ဧပြီလ



## [၂၀၁၀] ရွေးကောက်ပွဲ

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
*PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910*
*E-mail : blcsan@ksc.th.com; Website : www. blc-burma.org*

# နအဖ စစ်အစိုးရ ကျင်းပပေးမည်ဆိုသည့် ၂၀၁၀ ရွေးကောက်ပွဲသည် မကျင်းပမီကပင် လွတ်လပ်မှု တရားမျှတမှု မရှိကြောင်း သုံးသပ်ထုတ်ပြန်ချက်

### ၁။ အမျိုးသားညီလာခံ ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း) နှင့် လူထုဆန္ဒခံယူပွဲတို့အပေါ် မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ အမြင်သဘောထား

မြန်မာနိုင်ငံရှေ့နေများကောင်စီသည် နအဖ စစ်အစိုးရမှ ဦးစီးကျင်းပခဲ့သည့် အမျိုးသားညီလာခံနှင့် ယင်းညီလာခံမှ ထွက်ပေါ်လာသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်မူများ၌ ပါဝင်သည့် ဒီမိုကရေစီ စံနှုန်းများနှင့် ကိုက်ညီခြင်းမရှိသည့် အချက်များကိုလည်းကောင်း၊ နအဖ စစ်အစိုးရမှ ဖွဲ့စည်းပေးသည့် ပြည်ထောင်စု သမတ မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေး ကော်မရှင်သည် မြန်မာနိုင်ငံတွင် ခိုင်မာတောင့်တင်း၍ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖြစ်ပေါ်စေနိုင်မည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရပ်ကို ရေးဆွဲပေးနိုင်မည့် ကော်မရှင်မဟုတ်ကြောင်းကို လည်းကောင်း၊ ယင်းကော်မရှင်မှ ရေးဆွဲလိုက်သည့် ပြည်ထောင်စု သမတ မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း) တွင် ပါဝင်သည့် ဒီမိုကရေစီ စံနှုန်းများနှင့် ကိုက်ညီခြင်းမရှိသည့် ပုဒ်မများကို လည်းကောင်း၊ နအဖ စစ်အစိုးရမှ ဖွဲ့စည်းပေးသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (မူကြမ်း) လူထုဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်သည် နိုင်ငံတကာဥပဒေ စံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်း မရှိသောကြောင့် လူထုဆန္ဒခံယူပွဲကို လွတ်လပ်မျှတစွာ ကျင်းပပေးနိုင်မည် မဟုတ်ကြောင်းကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ်၊ မေလတွင် ကျင်းပပြုလုပ်ခဲ့သည့် လူထုဆန္ဒခံယူပွဲသည် လွတ်လပ်ခြင်း၊ တရားမျှတခြင်း မရှိသဖြင့် ပြည်သူလူထု၏ ဆန္ဒအစစ်အမှန်ကို ကိုယ်စားပြုနိုင်မည် မဟုတ်ကြောင်းကို လည်းကောင်း၊ အစဉ်တစိုက် လေ့လာဆန်းစစ်လျက် ဆန့်ကျင် ကန့်ကွက်ခဲ့ပါသည်။

### ၂။ ၂၀၁၀ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ နအဖ စစ်အစိုးရ၏ သဘောထား

နအဖ စစ်အစိုးရသည် ၂၀၀၈ ခုနှစ်၊ မေလ တွင် လူထုဆန္ဒခံယူပွဲ မကျင်းပမီကပင် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့၌ ကြေညာချက်အမှတ် ၂/၂၀၀၈ ကို ထုတ်ပြန်၍ “၂၀၁၀ တွင် ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း” အတိအလင်း ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင် နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် "၂၀၁၀ တွင် ရွေးကောက်ပွဲ ကျင်းပပေးမည်" ဖြစ်ကြောင်းကို ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် ကျင်းပသည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံတွင် လည်းကောင်း၊ ၂၀၀၉ ခုနှစ် ၊ နိုဝင်ဘာလတွင် ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်အစည်းအဝေးတွင် လည်းကောင်း၊ (၆၂) နှစ်မြောက် မြန်မာနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာတွင် လည်းကောင်း အကြိမ်ကြိမ် ပြောဆိုထားခဲ့ပြီးဖြစ်သည်။

## ၃။ ရွေးကောက်ပွဲ ဥပဒေနှင့် စပ်လျဉ်း၍ နအဖ ဝန်ကြီးချုပ်၏ ပြောကြားချက်

၂၀၀၉ ခုနှစ်၊ အောက်တိုဘာလတွင် ထိုင်းနိုင်ငံ တောင်ပိုင်း ချာ့အမ်းမြို့တွင် ကျင်းပသည့် (၁၅) ကြိမ်မြောက် အာဆီယံ ထိပ်သီးညီလာခံတွင် နအဖ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က "၂၀၁၀ ရွေးကောက်ပွဲ ဥပဒေကို မကြာမီ ထုတ်ပြန်မည်ဖြစ်ကြောင်း" နိုင်ငံတကာ ခေါင်းဆောင်များအလယ်တွင် အတည်ပြုပြောဆိုခဲ့သည်။ သို့သော် ရွေးကောက်ပွဲတရပ် ကျင်းပမည်ဆိုပါက မဖြစ်မနေလိုအပ်သည့် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ စသည့် ဥပဒေများကို ယနေ့ထက်တိုင် အောင် ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးပေ။

## ၄။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတရပ် ကျင်းပနိုင်ရန် လိုအပ်သည့် ဥပဒေအခြေခံ လုပ်ထုံးလုပ်နည်းများ

လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲသည် ဒီမိုကရေစီ၏ ရေသောက်မြစ်တခု ဖြစ်သကဲ့သို့ပင် လူ့အခွင့်အရေး အခြေခံအချက်တရပ်လည်း ဖြစ်ကြောင်းကို အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် (၂၁)၊ အပိုဒ်ခွဲ (၁) တွင် တရားမျှတသော ရွေးကောက်ပွဲများမှ တဆင့် လူတိုင်းသည် မိမိနိုင်ငံ၏ အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာ ရွေးချယ်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များမှ တဆင့်ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည်ဟူ၍ လည်းကောင်း၊ အပိုဒ် (၂၁)၊ အပိုဒ်ခွဲ (၃) တွင် ပြည်သူလူထု၏ ဆန္ဒသည် အုပ်ချုပ်မှုအာဏာ၏ အခြေခံဖြစ်ရမည်။ အဆိုပါဆန္ဒကို အချိန်ကာလပိုင်းခြား၍ တရားမျှတစွာ ကျင်းပသော ရွေးကောက်ပွဲများဖြင့် ထင်ရှားစေရမည်။ ရွေးကောက်ပွဲများတွင်လည်း လူတိုင်း အညီအမျှ မဲဆန္ဒပေးပိုင်ခွင့်ရှိရမည့်အပြင် ထိုရွေးကောက်ပွဲများကို လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သောမဲပေးစနစ်ဖြင့် ဖြစ်စေ ကျင်းပရမည်ဟု ဖော်ပြထားသည်။

လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတရပ်ကျင်းပနိုင်ရန် ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ဥပဒေကို ပထမဦးစွာ ထုတ်ပြန်ပေးရမည်ဖြစ်သည်။ သို့သော် နအဖ စစ်အစိုးရအနေဖြင့် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥပဒေအရ ဖွဲ့စည်းထားသည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကိုလည်း ယနေ့ထက်တိုင်အောင် ဖျက်သိမ်း ခြင်းမရှိသေးပါ။

ထို့နောက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပေးရမည် ဖြစ်သည်။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတရပ် ကျင်းပနိုင်ရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည့်အားလျော်စွာ ယင်းဥပဒေကို ရေးဆွဲရာတွင် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အနေဖြင့် ပထမဦးစွာ ဥပဒေမူကြမ်းရေးဆွဲခြင်း၊ ယင်းဥပဒေမူကြမ်းကို နိုင်ငံတော်သို့ ထုတ်ပြန်ကြေညာ၍ ပြည်သူလူထုနှင့် နိုင်ငံရေးပါတီများ၏ သဘောဆန္ဒ အကြံပြုချက်များကို တောင်းခံရယူခြင်း၊ ထိုသဘောဆန္ဒ အကြံပြုချက်များကို အတတ်နိုင်ဆုံး ညှိနှိုင်းလျက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ရေးဆွဲထုတ်ပြန်ခြင်း စသည့်အဆင့်များကို ပြုလုပ်ကြရမည်ဖြစ်သည်။

## ၅။ နအဖ စစ်အစိုးရနှင့် လက်အောက်ခံ အဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်နေမှုများ

မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ၂၀၀၉ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝန်ကြီးများကိုယ်တိုင် အဂတိလိုက်စား မဲဆွယ်စည်းရုံးနေမှုများကို ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် နအဖ အုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်အနေဖြင့် အစိုးရ (အငြိမ်းစား) ဝန်ထမ်းများစာရင်းကို ကြိုတင်ကောက်ခံလျက်ရှိခြင်း[၁] မဲဆန္ဒရှင်များစာရင်းကို ကြိုတင်ကောက်ခံလျက်ရှိခြင်း[၂]၊ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ကျောင်းဆင်းတချို့ကို ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးချယ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေခြင်း[၃]၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် နိုင်ငံရေးပါတီတရပ်သဖွယ် မဲဆွယ်စည်းရုံးနေမှုများ[၄]၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၏ မဲဆွယ်စည်းရုံးနေမှုများ[၅] စသည်တို့အပြင် နအဖ ၏ လုပ်ရပ်များကို ဆန့်ကျင်ခြင်းမရှိသည့် တခြားသော နိုင်ငံရေးအင်အားစုများ၏ မဲဆွယ်စည်းရုံးနေမှုများ စသည်တို့ကို စစ်အစိုးရအနေဖြင့် မသိကျိုးကျွံပြု ခွင့်ပြုလျက်ရှိသည်။

## ၆။ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲ အနိုင်ရ နိုင်ငံရေးပါတီများ၏ အခြေအနေ

၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တိုင်း/ပြည်နယ် ရုံးခန်းများနှင့် မြို့နယ်ရုံးခန်းများကို အကြောင်းပြချက်မရှိ ချိတ်ပိတ်ထားခြင်းမှ ယနေ့ထက်တိုင်အောင် ပြန်လည်ဖွင့်လှစ်ခွင့် မပေးသေးခြင်း[၆]၊ ပါတီဝင်အသီးသီးအပေါ် အာဏာပိုင်တို့မှ နှောက်ယှက် ဟန့်တား ဖမ်းဆီးနှိပ်စက် အကျဉ်းချထားခြင်းများကို ယနေ့ထက်တိုင်အောင် ပြုလုပ်ကျူးလွန်လျက်ရှိခြင်း၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ အနိုင်ရ တိုင်းရင်းသားနိုင်ငံရေးပါတီများကို ဖျက်သိမ်းထားသဖြင့် ယနေ့ထက်တိုင်အောင် စည်းရုံးလှုပ်ရှားခွင့် မရရှိခြင်း၊ စသည်တို့ ဖြစ်ပေါ်လျက်ရှိသည်။

၇။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတရပ်ကျင်းပနိုင်ရန်အတွက် ရှိရမည့် နိုင်ငံရေးအခြေအနေ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတရပ် ကျင်းပနိုင်ရန်အတွက် နိုင်ငံရေး တည်ငြိမ်မှုရှိရန် မဖြစ်မနေလိုအပ်ပါသည်။ နဝတ နှင့် နအဖ စစ်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးတည်ငြိမ်မှုမရှိကြောင်းကို အောက်ပါ အကြောင်းအချင်းရာများက ပြဆိုလျက် ရှိသည်။

(က) ယနေ့ထက်တိုင်အောင် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် တို့အား နေအိမ်အကျယ်ချုပ်ကျဖြင့် ထိန်းသိမ်းထားခြင်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များ၊ ရဟန်းသံဃာများအပါအဝင် နိုင်ငံရေး အကျဉ်းသားပေါင်း (၂၀၀၀) ကျော်၊ မြန်မာနိုင်ငံရှိ အကျဉ်းထောင် အသီးသီးတွင် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခံထားရခြင်း[၇]။

(ခ) ပြည်သူလူထု၏ စားဝတ်နေရေး အထွေထွေအကြပ်အတည်းကို အကြောင်းပြု၍ ၂၀၀၇ စက်တင်ဘာလတွင် ရဟန်းရှင်လူ၊ လုပ်သားပြည်သူ သိန်းနှင့်ချီ၍ ချီတက်လမ်းလျှောက် ဆန္ဒပြခဲ့ခြင်းနှင့် နအဖ စစ်အစိုးရမှ အကြမ်းဖက် ပစ်ခတ်နှိမ်နင်းခဲ့ခြင်း။

(ဂ) အောက်ခြေတပ်မတော်သားများအတွင်း စားဝတ်နေရေးပြည့်စုံခြင်းမရှိသဖြင့် ဆန္ဒပြ တောင်းဆိုမှုများ[၈] ၊ နောက်ဆက်တွဲ ခမရ (၈၀) နှင့် ထောက်လှမ်းရေးတပ် ခမရ (၅) တို့၏ ပစ်ခတ်မှုများ[၉]။

(ဃ) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး လုပ်ကြံခံရမှုနှင့် ဗိုလ်မှူးဟောင်း ဝင်းနိုင်ကျော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်း ဦးသူရကျော် တို့သည် သတင်းလွတ်လပ်ခွင့် မရှိခြင်းကြောင့် နိုင်ငံတော်လျှို့ဝှက်ချက် ပေါက်ကြားသည်ဟူသော အကြောင်းပြချက်ဖြင့် သေဒဏ်ချမှတ်ခံရမှုများ[၁၀]။

(င) တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ယနေ့ထက်တိုင်အောင် မြင်သာထင်ရှားသော ငြိမ်းချမ်းရေး ရယူနိုင်မှုမရှိသေးသည့်အခြေအနေများ။

(စ) တနေ့တခြား ဆိုးရွားလျက်ရှိသော ပြည်သူ့ဘဝ စားဝတ်နေရေး အခြေအနေများ။

(ဆ) မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှုမရှိသည့်အခြေအနေများ[၁၁] ။

## ၈။ ဖျက်သိမ်းရမည့် ဥပဒေများ

ရွေးကောက်ပွဲတရပ်မကျင်းပခင် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတကာ ဥပဒေနှင့် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်းမရှိသည့် အောက်ပါဥပဒေများကို ဖျက်သိမ်းရမည်ဖြစ်သည်။

(က) ၁၉၅၀ ပြည့်နှစ် အရေးပေါ် စီမံမှုအက်ဥပဒေ၊

(ခ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၈၈ “ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ ”၊

(ဂ) ၁၉၇၅ ခုနှစ် "နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ"၊

(ဃ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၆ "နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ"၊

(င) နဝတ ဥပဒေ အမှတ် ၉/၈၉ "နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ"၊

(စ) ၁၉၀၈ ခုနှစ် မတရားသင်း မြန်မာနိုင်ငံဥပဒေများအတွဲ ၂ မတရားသင်းနှင့်သက်ဆိုင်သည့် ဥပဒေ ပြဋ္ဌာန်းချက်များ၊

(ဆ) ၂၀၀၄ ခုနှစ်၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊

(ဇ) ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေနှင့် ယင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊

(ဈ) ၁၉၉၀ ပြည့်နှစ် နဝတ ဥပဒေအမှတ် ၂၀၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ၊

(ည) ၁၉၉၆ ခုနှစ်၊ နဝတ ဥပဒေအမှတ် ၈ ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေ၊

(ဋ) ၁၉၉၆ ခုနှစ်၊ နဝတ ဥပဒေအမှတ် ၉၊ ရုပ်ရှင်ဥပဒေ၊

(ဌ) ၁၉၉၆ ခုနှစ်၊ နဝတ ဥပဒေအမှတ် ၁၀ ၊ ကွန်ပျူတာပညာဖွံ့ဖြိုးရေး ဥပဒေ၊

(ဍ) ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (မူကြမ်း)၊

စသည့် ဥပဒေများသည် ဖျက်သိမ်းရမည့် ဥပဒေများဖြစ်သည်။

## ၉။ မြန်မာနိုင်ငံတွင်ကျင့်သုံးလျက်ရှိသည့် မဲပေးစနစ်

ရွေးကောက်ပွဲတွင် မဲပေးသည်ဆိုခြင်းမှာ ပြည်သူလူထုအနေဖြင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအတွင်းတွင် အမည်စာရင်းတင်သွင်းထားကြသည့် ကိုယ်စားလှယ်များ၏ အရည်အချင်းကိုသေသေချာချာ လေ့လာစိစစ်လျက် တိုင်းပြည်၏ အကျိုးစီးပွားတစုံတရာကို ထမ်းဆောင်နိုင်မည့်ကိုယ်စားလှယ်လောင်းများကို မဲပေးရွေးချယ်ခြင်းပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် မဲမပေးလျှင်မနေရ၊ မဖြစ်မနေ မဲပေးရမည်ဆိုသည့် ဥပဒေပြဋ္ဌာန်းချက်မျိုးမရှိပါ။ မဲဆန္ဒရှင်များအနေဖြင့် မိမိသဘောဆန္ဒအရသာ မဲပေးလိုက ပေးနိုင်ခွင့်ရှိသည့်စနစ်ကို ကျင့်သုံးလျက်ရှိသည်။

## ၁၀။ သုံးသပ်ချက်

ရွေးကောက်ပွဲတစ်ရပ်၏ အဓိက ကျောရိုးမှာ " လွတ်လပ်မှုနှင့် တရားမျှတမှု" ပင်ဖြစ်သည်။ သို့သော် နအဖ စစ်အစိုးရ၏ အထက်ဖော်ပြပါလုပ်ရပ်များကို နှိုင်းယှဉ်သုံးသပ်ပါက ၂၀၁၀ ခုနှစ် အတွင်းတွင် ရွေးကောက်ပွဲကျင်းပခြင်းသည် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများအတွက် မဲဆွယ်စည်းရုံးရန် လုံလောက်သောအချိန်ကာလ ရရှိနိုင်မည်မဟုတ်ပါ။ အဘယ့်

ကြောင့်ဆိုသော် ယနေ့ထိတိုင် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေတို့ကို ထုတ်ပြန်ကြေညာခြင်း မရှိပါ။

အထက်ဖေါ်ပြပါ ဥပဒေများကို နည်းလမ်းမှန်ကန်စွာဖြင့် ထုတ်ပြန်ပေးခြင်းမရှိသေးမီ အချိန်ကတည်းကပင် နအဖ စစ်အစိုးရနှင့် လက်ဝေခံများက ၂၀၁၀ ရွေးကောက်ပွဲအတွက် လက်ဦးမှုရယူကာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်နေကြခြင်း၊

စစ်မှန်သော ဒီမိုကရေစီနိုင်ငံတရပ် ထူထောင်နိုင်ရေးကို ဦးတည်လုပ်ဆောင်နေကြသည့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိခဲ့ကြသော အနိုင်ရ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသား နိုင်ငံရေးပါတီများကိုမူ ယနေ့ထက်တိုင်အောင် အမျိုးမျိုးဖိနှိပ်လျက်ရှိခြင်း၊

ထို့ပြင် နအဖ စစ်အစိုးရက ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲတွင်ပါဝင် ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်များသည် ရွေးချယ်ခံရပြီးနောက်ပိုင်းတွင် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ သက်ဝင်လှုပ်ရှားရမည့် လွှတ်တော်များသို့ တက်ရောက်ကြရမည်ဖြစ်သည်။ တိုင်းပြည်နှင့် ပြည်သူ့အကျိုးကို ထမ်းဆောင်ကြရမည်ဆိုခြင်းထက် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်တည်တံ့ရေးကိုသာ လုပ်ဆောင်ကြရမည်ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းအချက်များအရ နအဖ စစ်အစိုးရ ကျင်းပပေးမည်ဆိုသည့် ၂၀၁၀ ရွေးကောက်ပွဲသည် မကျင်းပမီကပင် "လွတ်လပ်မှု၊ တရားမျှတမှု" မရှိကြောင်းနှင့် အားလုံးလွှမ်းခြုံပါဝင်နိုင်မည့် ရွေးကောက်ပွဲမျိုးမဟုတ်ပါ။

ထို့ကြောင့် မြန်မာ့ပြည်သူလူထုအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကမည့် နအဖ ၏ မည်သည့်ကိုယ်စားလှယ်ကိုမှ မဲမပေးခြင်း၊ မဲရုံများသို့သွားရောက်မဲမထည့်ခြင်းအားဖြင့် လူထုပါဝင် ပတ်သတ်မှုမရှိသော မတရားသည့် ရွေးကောက်ပွဲအဖြစ် ထင်ရှားစေခြင်းအားဖြင့် ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်ကြပါရန်နှင့် ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှလည်း အဆိုပါရွေးကောက်ပွဲကို လုံးဝ အသိအမှတ် မပြုသင့်ပါကြောင်းတို့ကို အလေးအနက် ပန်ကြားလျက် သုံးသပ်ချက်ထုတ်ပြန်အပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

**(Footnotes)**

[၁] ခေတ်ပြိုင်၊ ၅ ဇန်နဝါရီ ၂၀၁၀

[၂] ၁၅၊ ၁၂၊ ၂၀၀၉ RFA

[၃] ၁၆၊ ၁၀၊ ၂၀၀၉ RFA

[၄] ၃၁၊ ၃၊ ၂၀၀၉ BLC Statement

[၅] ၁၉၊ ၁၊ ၂၀၀၉ RFA, ၂၅၊ ၉၊ ၂၀၀၉ ဧရာဝတီ

[၆] NLD ၏ ထုတ်ပြန်ကြေညာချက်များ

[၇] AAPPB MONTHLY CHRONOLOGY DECEMBER ၂၀၀၉

[၈] ၂၄၊ ၁၂၊ ၂၀၀၉ BLC Statement

[၉] January 12, 2010 BBC Burmese News

[၁၀] ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်နေ့၊ ဦးစိန်လွင်နှင့် မဇ္ဈိမဌာန အင်တာဗျူး

[၁၁] မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထုတ်ပြန်ကြေညာချက်များ

# နအဖမှ ထုတ်ပြန်လိုက်တဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူး နှင့် ဘီဘီစီ တွေ့ဆုံမေးမြန်းခန်း

မြန်မာနိုင်ငံမှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ဒီကနေ့ထုတ် သတင်းစာတွေထဲမှာ ဖော်ပြထားပါတယ်။ အဲ့ဒီဥပဒေပါ အချက်တချက်ကတော့ ထောင်ဒဏ် ကျခံနေရသူတွေ ပါတီထောင်ခွင့် ပါတီဝင်ဖြစ်ခွင့် မရှိဘူးလို့ ဆိုထားပါတယ်။ ဒီတော့ကာ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဟာ အကျယ်ချုပ်နဲ့ ဖမ်းဆီးချုပ်နှောင်ခံထားရသူဆိုတော့ အခုထုတ်ပြန်တဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အနေအထားဟာ ဘယ်လိုရှိနေပါသလဲ။ ပြည်ပအခြေစိုက် (BLC) မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးကို ဆက်သွယ်မေးမြန်းကြည့်ပါတယ်။

**ဦးအောင်ထူး**

ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆက်စပ်ပြီးတော ဒေါ်အောင်ဆန်းစုကြည်လိုဘဲ ၁၉၇၅ နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးလိုသူများ အန္တရာယ်မှ ကာကွယ်တဲ့ ဥပဒေပေ့ါဗျာ၊ နိုင်ငံတော်လုံခြုံရေးဥပဒေပေ့ါ၊ အဲ့ဒီဥပဒေနဲ့ အညီ အရေးယူခြင်းခံထားရတဲ့သူတွေ အကုန်လုံးဟာ ဒီနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေမှာပါတဲ့ ထောင်ဒဏ်ကျခံနေရသူတွေနဲ့ မဆိုင်ဘူးလို့ ဥပဒေကြောင်းအရ ရှင်းပြချင်ပါတယ်။

**ဘီဘီစီ**

ဘာဖြစ်လို့ မဆိုင်တာဘာလဲခင်ဗျ။

ဒီလိုပါ အဲ့ဒါကို ကျနော် နည်းနည်းလေးတော့ နောက်ခံလေးကို ရှင်းပြဖို့လိုပါတယ်။ ကမ္ဘာမှာ Common Law နဲ့ Several Law ဆိုပြီးတော စနစ် (၂) ခုရှိပါတယ်။ Common Law ဆိုတာက အင်္ဂလိပ်လိုဆိုရင် Living by the dead လို့ခေါ်ပါတယ်။ သေသွားတဲ့ လူတွေအတွင်းမှာ ရှင်သန်ခြင်းလို့ ဥပဒေက ရှင်းပြပါတယ်။ ပြောချင်တာက ရှေ့မှာရှိတဲ့ တရားရုံးက ချမှတ်ခဲ့တဲ့ အစဉ်အလာ ဆုံးဖြတ်ချက်တွေကို အခြေခံပြီးတော့မှ လိုက်နာဆောင်ရွက်အကောင် အထည်ဖော်ရတဲ့စနစ်ကို Common Law လို့ ခေါ်ပါတယ်။ ကျနော်တို့ တိုင်းပြည်က Common Law စနစ်နဲ့ ကျင့်သုံးတဲ့ တိုင်းပြည်ဖြစ်တယ်။ အဓိက ဒီအခြေခံပေါ်မှာ ကျနော်တို့ ပြောချင်တာက ၁၉၇၅ နိုင်ငံတော် လုံခြုံရေးဥပဒေကို ကိုင်ပြီးတော့ တရားရုံးတခုခုကနေပြီးတော့ အထူးသဖြင့် တရားရုံးချုပ်ကနေပြီးတော့ စီရင်ထုံးချမှတ်ပေးခဲ့တဲ့ ထုံးဖွဲ့ပေးခဲ့တဲ့ ဆုံးဖြတ်တဲ့ အစဉ်အလာ တခုမှ မရှိခဲ့ဘူး ပြန်ရှာကြည့်ပါ၊ တပြည်လုံးမှာ။ အဲ့ဒီတော့ ဒေါ်အောင်ဆန်းစုကြည် အမှုတွဲဖြစ်လာတဲ့ အချိန်ကျတော့မှ တရားရုံးက အခု ပြစ်ဒဏ်ချလို့မရတဲ့ ဥပဒေကို ကိုင်ပြီးတော့ တနည်းအားဖြင့် အစိုးရကိုသာ ချုပ်မိန့်ပေးထားတဲ့ ဥပဒေကို ကိုင်ပြီးတော့ ဆုံးဖြတ်ချက်ချခဲ့တာဟာ မြန်မာနိုင်ငံမှာ ကျင့်သုံးတဲ့ ဥပဒေအစဉ်အလာနဲ့ ဆန့်ကျင်တယ်။

စီရင်ထုံးအစဉ်အလာနဲ့ ဆန့်ကျင်တယ်။ ဒါ့ကြောင့် ဒီချမှတ်တဲ့ ဆုံးဖြတ်ချက်က ဥပဒေအရ လုံးဝ ဘောင်မဝင်ဘူး၊ တရားမဝင်ဘူးလို့ ကျနော်တို့ပြောတာဖြစ်တယ်။ ၁၉၇၅ ဥပဒေက အစိုးရကို ချုပ်မိန့်ပေးတဲ့ ဥပဒေသာဖြစ်တယ်။ တရားရုံးက ဒီဥပဒေကို ကိုင်ပြီးတော့ ပြစ်ဒဏ်ချလို့ရတဲ့ ဥပဒေမဟုတ်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည် မှုခင်းဖြစ်တဲ့အချိန်အထိ တောက်လျှောက်မှာ မြန်မာနိုင်ငံ တရားစီရင်ရေးသမိုင်းမှာ တရားရုံးချုပ်ကနေပြီးတော့ ဒီဥပဒေကို ကိုင်ပြီးတော့ ပြစ်ဒဏ်စီရင်ခဲ့တဲ့ စီရင်ထုံးတခုမှမရှိဘူး အဲတော့ အဲ့လိုမရှိဘဲနဲ့ ရက်တောက်စွ ပြဿနာပေါ်လာပြီးတော့မှ ရက်တော့ကို လက်ညိုးထိုးပြပြီးတော့ အဲ့ဒီအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ရမယ့် သက်တမ်းကာလ (၅) နှစ်ကလည်း ကျော်နေပြီနော် မလွှတ်ချင်ဘူး။ အဲ့ဒီအခါကျတော့ ဒီဥပဒေကို ပြန်သုံးပြီးတော့ တရားရုံးကို လွှဲပြီးတော ဒေါ်အောင်ဆန်းစုကြည် ပေါ်မှာ အမှုဖွင့်ခိုင်းတယ် အမှုဖွင့်တဲ့အခါမှာလဲဘဲ နောက်ထပ်ဥပဒေသစ်တခုနဲ့ ကိုင်ပြီးတော့ အရေးယူစရာအကြောင်း လုံးဝမရှိတဲ့အခါကျတော့ ချုပ်ရမယ့် အခွင့်အာဏာသာရှိတဲ့ ဥပဒေကို တရားရုံးကို လွှဲပြီးတော့ တရားရုံးကို ပြစ်ဒဏ်ချခိုင်းလိုက်တာ၊ တရားရုံးက ပြစ်ဒဏ်ချလိုက်တာဖြစ်တယ်။ ဒါကြောင့် ဥပဒေသဘောအရ ဒါ လုံးဝမှားနေတယ်လို့ ကျနော်တို့ ပြောတာ။

**ဘီဘီစီ**

ဒီလိုဥပဒေအရ မှားနေတယ်ဆိုလို့ရှိရင် အဲ့ဒီမှားနေတဲ့ ဥပဒေအရ အခု ချုပ်နှောင်ခြင်းခံရတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ပါတီထောင်ခွင့် နိုင်ငံရေးပါတီဝင်ဖြစ်ခွင့်တွေ ရှိမလားခင်ဗျ။

**ဦးအောင်ထူး**

ဒီကိစ္စက ဒေါ်အောင်ဆန်းစုကြည် တယောက်တည်းသာမဟုတ်တော့ဘူး။ ၁၉၇၅ ဥပဒေက အစိုးရကို လုံခြုံရေးဥပဒေအရ ဖမ်းဆီးချုပ်နှောင်ထားခြင်းခံရတဲ့သူအားလုံးနဲ့ အခွင့်အရေးနှင့် ဆိုင်သွားတယ်၊ နောင်ကိုလည်းပဲ ဒါမျိုးအလားတူ ဆက်လုပ်လာနိုင်သလို ရှိသွားတယ် ဒေါ်အောင်ဆန်းစုကြည် ကနေစပြီးတော့ အရင်တုန်းကမရှိခဲ့တဲ့ အစဉ်အလာကို ချိုးဖောက်ပြီးတော့ တရားရုံးကချမှတ်တဲ့ ဆုံးဖြတ်ချက်ကို ပြန်လည်ပယ်ဖျက်ပြီးကာစ ဒေါ်အောင်ဆန်း စုကြည်သာမကပဲနဲ့ နိုင်ငံထဲမှာရှိတဲ့ နိုင်ငံသားတိုင်းရဲ့ ဆိုင်တဲ့ကိစ္စဖြစ်သွားတယ်၊ ဥပဒေစိုးမိုးရေး အခြေခံ လုံးဝဆန့်ကျင်တဲ့ကိစ္စဖြစ်သွားတယ်။

**ဘီဘီစီ**

ဒီတော့ ဦးအောင်ထူးရေ အခုနိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်းဥပဒေမှာ ဒေါ်အောင်ဆန်းစုကြည် အကျုံးမဝင်ဘူးဆိုတာ ပြနေလားခင်ဗျ။

**ဦးအောင်ထူး**

ကျနော်တို့သဘောကတော့ ရာနှုန်းနဲ့ ကျနော်ပြောချင်တယ် ဘာကြောင့်လဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ကို စတင်ဖမ်းဆီး ချုပ်နှောင်ကတည်းကိုက ဒေါ်အောင်ဆန်းစုကြည်ဟာ ပြစ်မှုတရပ်ရပ်ကို ကျူးလွန်တဲ့အတွက် ရာဇဝတ်သားအဖြစ်နဲ့ ဖမ်းပြီးတော့ တရားရုံးက အခြားပြစ်မှုဆိုင်ရာ ဥပဒေနဲ့အညီ ပြစ်ဒဏ်ချမှတ်ခဲ့တာမျိုးလုံးဝမရှိဘူး။

**ဘီဘီစီ**

ဒါဆိုရင် နိုင်ငံတော်နှောက်ယှက်ဖျက်ဆီးလိုသူများ အက္ခ ရယ်မှကာကွယ်တဲ့ဥပဒေအရ အခုလောလောဆယ် ဖမ်းဆီးချုပ်နှောင်ခံနေရတဲ့ ရှစ်ဆယ်ရှစ်မျိုးဆက်ကျောင်းသားတွေ အခြားနိုင်ငံရေးသမားတွေ သူတို့တတွေရဲ့ အနေအထားက ဘယ်လိုဖြစ်လာနိုင်သလဲခင်ဗျာ။

**ဦးအောင်ထူး**

ဒေါ်အောင်ဆန်းစုကြည် မှုခင်းကို ဒီဥပဒေကြောင်းအရ ပြန်လည်သုံးသပ်ပြီးတော့ ပယ်ဖျက်ပေးခြင်းမလုပ်ဘူးဆိုရင် ဒေါ်အောင်ဆန်းစုကြည် မှုခင်းရဲ့အစဉ်အလာဟာ အခုသတင်းဌာနကမေးတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေ ကျောင်းသားခေါင်းဆောင်တွေ အကုန်လုံး တက်ရောက်သွားနိုင်ပြီးတော့ နောင်ကိုလည်းပဲ သူတို့ရဲ့ နိုင်ငံရေးလှုပ်ရှားမှု အစဉ်အလာကို အကြီးအကျယ် ဟန့်တားသွားနိုင်တယ်။

ဒါကတော့ မြန်မာအစိုးရက ထုတ်ပြန်ခဲ့တဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနဲ့ ပတ်သက်လို့ ပြည်ပအခြေဆိုက် BLC ရဲ့ အတွင်းရေးမှူး ရှေ့နေ ဦးအောင်ထူးကို ဆက်သွယ်မေးမြန်းခဲ့တာဖြစ်ပါတယ်။

*(မှတ်ချက်။ ။ အထက်ပါဆောင်းပါးသည် ၂၀၁၀ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ဘီဘီစီသတင်းဌာနမှ ဖော်ပြထားချက်ကို စာစောင်ပရိတ်သတ်များအား ပြန်လည်တင်ပြခြင်းဖြစ်သည်။)*

# ၂၀၁၀ ရွေးကောက်ပွဲဆိုင်ရာဥပဒေများ နှင့် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ

## ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ် မေလတွင် လူထုဆန္ဒခံယူပွဲတရပ် ကျင်းပပြီး၊ မြန်မာတနိုင်ငံလုံး၏ ဆန္ဒပြုပိုင်ခွင့်ရှိသူ ရာနှုန်းပြည့်နီးပါးဖြင့် အတည်ပြုနိုင်ခဲ့ကြောင်း နအဖက တရားဝင် ကမ္ဘာသိကြေညာခဲ့သည်။ တချိန်တည်းတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုများသည် ကျယ်လောင်စွာ ထွက်ပေါ်ခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသည် နအဖ စစ်အုပ်စု၏ အကျိုးစီးပွားကိုသာ အကာအကွယ်ပြုထားခြင်း ဖြစ်သည်။ ယင်းဥပဒေ၏ အခြေခံလမ်းညွှန်မှုများသည်ပင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံသဘောသဘာဝနှင့် ဆန့်ကျင်ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ တရားဥပဒေစိုးမိုးရေး အခြေခံနှင့် ဒီမိုကရေစီကျင့်စဉ်များကို ဆန့်ကျင်ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ပါလီမန်အတွင်း စစ်တပ်ကိုယ်စားပြု ကိုယ်စားလှယ်များမှ ပါလီမန် လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်သည့်အခါ တိုင်းတွင် အမြဲတမ်း အသာစီးရရန်အတွက် စနစ်တကျပြုစုထားခြင်း ဖြစ်သည်။ ဖွဲ့စည်းပုံ တခုလုံးကိုခြုံ၍ ကြည့်လျှင် လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှုသဘောတရားနှင့် တည့်တည့်ကြီး ဆန့်ကျင်နေခြင်း ဖြစ်သည်။ တိုင်းပြည်၏ ဆယ်စုနှစ်ပေါင်း ခြောက်ခုကျော်ရှိလာခဲ့ပြီဖြစ်သည့် ပြည်တွင်းစစ်မီးကို ငြိမ်းအေးစေမည့် အခြေခံသဘောထားများနှင့် ကင်းလွတ်၍ ရေးသားထားခြင်းသာ ဖြစ်သည်။ တိုင်းရင်းသားများ၏ တန်းတူညီမျှမှု အခွင့်အရေးနှင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ဆိုင်ရာ အခွင့်အလန်းများကို အယောင်ပြ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသအချို့ သတ်မှတ်ပေးခဲ့သည် ဆိုသော်လည်း လက်တွေ့အနှစ်သာရမှာ စစ်ခေါင်းဆောင်များဖြစ်သည့် ဖွဲ့စည်းပုံအရ ခန့်အပ်တာဝန်ယူသွားမည့် သမတက စိတ်ကြိုက် ဖန်တီးခွင့်ကိုသာ ဥပဒေက ခွင့်ပြုထားခြင်း ဖြစ်သည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုသည့်လုပ်ငန်းစဉ်ကို လေ့လာကြည့်လျှင်လည်း တိုင်းပြည်အတွင်း အဆိုးရွားဆုံး အချိန်ကာလတရပ်ဖြစ်ခဲ့သည့် နာဂစ်မုန်တိုင်းကြီးကြောင့် ပြည်သူလူထု ဒုက္ခကြီးစွာရောက်နေသည့်အချိန်ကို အခွင့်အရေးတရပ်အဖြစ် သုံးခဲ့ကြောင်း၊ ပြည်တွင်း၊ ပြည်ပဝေဖန်သံများဆူညံခဲ့သည်။ ဆန္ဒမဲများ ရယူရာတွင် နအဖ အာဏာပိုင်အဆင့်ဆင့်၏ ကြိုးကိုင်မှုဖြင့် ကြိုတင်ထောက်ခံမဲများရယူခြင်း၊ လူထုဆန္ဒမှန်ဖြင့် ကန့်ကွက်ထားသည်ကိုပင်လျှင် ထောက်ခံမဲအဖြစ် ဖန်တီးရယူခြင်း စသည့်နည်းမျိုးစုံကို အသုံးပြုခဲ့သည်ဟု ဝေဖန်ပြောဆိုမှုများ နေရာအနှံ့အပြား ပေါ်ပေါက်ခဲ့သည်။

နိုင်ငံတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် မည်သည့်ဥပဒေကိုမဆို သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံရေးစနစ်ကျင့်သုံးမှုအခြေခံနှင့် ကင်းလွတ်၍ ပြဋ္ဌာန်းလေ့မရှိသည်မှာ နိုင်ငံတိုင်းအတွက် အစဉ်အလာတခုပင် ဖြစ်သည်။ နိုင်ငံတခု၏ နိုင်ငံရေးကျင့်စဉ်သည် ယင်းနိုင်ငံ၏ အဓိကအခြေခံဖြစ်သည်။ ယင်းနိုင်ငံရေးကျင့်စဉ်အပေါ် အခြေပြုပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ယင်းနိုင်ငံရှိ ပြည်သူလူထုတရပ်လုံးမှ အများဆန္ဒသဘောထားများနှင့် အညီ

ဒီမိုကရေစီကျင့်စဉ်အရ အတည်ပြုပြဋ္ဌာန်းလိုက်သည်ဆိုလျှင် ယင်းနိုင်ငံအတွက် အဓိက အကျဆုံးနှင့် အရေးအကြီးဆုံး အခန်းကဏ္ဍသို့ ရောက်ရှိလာမည်ဖြစ်သည်။ သို့ဖြစ်၍သာ နိုင်ငံ တနိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးအကြီးဆုံး ဖြစ်သည်ဟု သတ်မှတ်ကြခြင်း ဖြစ်သည်။

သို့ဖြစ်၍ နိုင်ငံတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ခိုင်ခန့်စွာ အတည်ပြုရန် အတွက် အရေးအကြီးဆုံး အချက်များအဖြစ် တရားဥပဒေစိုးမိုးရေးအခြေခံမှ ရှု့မြင်လျှင် အဓိကအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်နှင့် ရေးဆွဲပြီးသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အများဆန္ဒနှင့်အညီ ဒီမိုကရေစီနည်းစနစ်ကျစွာ အတည်ပြုရေး လုပ်ငန်း စဉ်တို့မှာ လွန်စွာအရေးပါသည့် အခြေခံများဖြစ်ပေသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဖြစ်တည်လာမှုသမိုင်းစဉ်သည် လည်းကောင်း၊ ဥပဒေရေးဆွဲထားသည့် တိုင်းပြည်၏ အနာဂတ် ရည်မှန်းချက်ဆိုင်ရာ အခြေခံအချက်များသည် လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးအခြေခံနှင့် ဒီမိုကရေစီကျင့်စဉ်တို့ ဆန့်ကျင်ကွဲလွဲစွာ ဖြစ်ထွန်းပေါ်ပေါက်လာသည်ကို ရှင်းလင်းစွာ လေ့လာ တွေ့ရှိနိုင်မည် ဖြစ်ပေသည်။

## ၂၀၁၀ ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ

နအဖကျင်းပမည့် ၂၀၁၀ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲသည် ၂၀၀၈ ခုနှစ်တွင် လူထုဆန္ဒခံယူပွဲတရပ် ကျင်းပပြုလုပ်ပြီး အတည်ပြုနိုင်ခဲ့သည်ဟု ကြေညာထားသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားဝင် ကျင့်သုံးရန်အတွက် သိက္ခာတင်မည့် ရွေးကောက်ပွဲတရပ် ကို ကျင်းပသွားရန်ပင်ဖြစ်သည်။ နအဖတို့၏ တည်ရှိမှုဆိုင်ရာ တရားဝင်မှုကို ဥပဒေနှင့်အညီ အတည်ဖြစ်စေရန် စီစဉ်ဆောင်ရွက်ခြင်းတရပ်လည်း ဖြစ်သည်။

ဒီမိုကရေစီကျင့်စဉ်ကို လက်တွေ့ကျင့်သုံးသည့် နိုင်ငံတိုင်းတွင် ရွေးကောက်ပွဲ၏ အခန်း ကဏ္ဍသည် လွန်စွာအရေးကြီးပေသည်။ ရွေးချယ်တင်မြှောက်ပွဲမှ တဆင့် လူထုကိုယ်စားလှယ် များကို လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ကြသည့် အခွင့်အရေးကို ပြည်သူတရပ်လုံး ရရှိကြ သည်။ ရွေးချယ်တင်မြှောက်ခံရသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို ပြည်သူတရပ် လုံးကိုယ်စား ပြည်သူ့လွှတ်တော်တွင် အတည်ပြုထားပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ တိုင်းပြည်၏ အရေးအရာများကို စီမံခန့်ခွဲကြရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူ့လွှတ်တော်အတွင်း အမြင့်ဆုံးဥပဒေအဖြစ် တည်ရှိလေ့ရှိရသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ အုပ်ချုပ်ရေး (ဝါ) စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ၊ တရားစီရင်ရေး ဆိုင်ရာဥပဒေ များ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရသည်။ ယင်းကိစ္စရပ်များအားလုံးသည် နိုင်ငံတနိုင်ငံအတွင်းရှိ မူလဥပဒေပိုင်ရှင်ဖြစ်သည့် ပြည်သူတရပ်လုံးကိုယ်စား ပြည့်သူ့ကိုယ်စား လှယ်များကို တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သည်။

သို့ဖြစ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ နိုင်ငံတခုလုံးဆိုင်ရာ စီမံခန့်ခွဲ လုပ်ဆောင် အကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ဖွဲ့စည်းပုံအခြေခံ

ဥပဒေ၏ ခွင့်ပြုချက်မူဘောင်အတွင်းမှသာ လုပ်ဆောင်ကြရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်လုပ်ဆောင်ခွင့်မရှိ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်းနှင့် ယင်းရွေးချယ်တင်မြှောက်ပွဲကို ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ဥပဒေများသည် များစွာအရေး ကြီးလှပေသည်။ ရွေးကောက်ပွဲတရပ်ကို အောင်မြင်စွာကျင်းပနိုင်ရန်လည်းကောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတရပ် ဖြစ်စေရန်သည်လည်းကောင်း၊ ရွေးကောက်ပွဲ ကျင်းပခြင်းဆိုင်ရာ ပြဋ္ဌာန်းဥပဒေများ၏ အခန်းကဏ္ဍသည် အရေးပါမှုတရပ်ဖြစ်လာပြန်ပေသည်။

ရွေးကောက်ပွဲ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေများသည် ကျင်းပမည့် ရွေးကောက်ပွဲကြီး၏ တရားမျှတမှုရှိခြင်း၊ လွတ်လပ်ခြင်းတို့အပြင် ယင်းရွေးကောက်ပွဲတွင် ပါဝင်မည့် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍအပေါ် အလေးထားမှုဆိုင်ရာ စံနှုန်းအဆင့်မည်မျှရှိသည် ဆိုသည့်အချက်နှင့် ယင်းရွေးကောက်ပွဲကို တာဝန်ခံ ဖေါ်ဆောင်သွားမည့် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်နှင့် စပ်လျဉ်းသည့် အခြေခံတန်ဖိုးများကို တွက်ချက်ရမည်ဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ယင်းဥပဒေများ၏ စံချိန်စံညွှန်းများသည် ကျင်းပမည့် ရွေးကောက်ပွဲ၏ ဂုဏ်သိက္ခာ၊ တန်ဖိုးကို မည်မျှပြဆိုမည် ဆိုသည်ကို ယင်းရွေးကောက်ပွဲနှင့် ဆက်စပ်ပတ်သက်သည့် နိုင်ငံရေးဝန်းကျင်နှင့် လက်တွေ့အခြေအနေအရပ်ရပ်တို့ဖြင့် တိုင်းတာသတ်မှတ်သွားရမည် ဖြစ်သည်။

## ၂၀၁၀ ရွေးကောက်ပွဲနှင့် ၁၉၉၀နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲဆိုင်ရာ

၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်မည်ဆိုသည့် တချိန်တည်းတွင် ကျင်းပမည့် ရွေးကောက်ပွဲ ဖြစ်တည်လာသည့် သမိုင်းဖြတ်သန်းမှု ဖြစ်စဉ်ကို အလေးထား လေ့လာသုံးသပ်သွားရန် လိုအပ်ပေသည်။ ရရှိလာမည့် ရွေးကောက်ပွဲ၏ရလာဒ်ကို မည်သို့အကောင်အထည်ဖေါ်သွားမည်နည်း၊ ယခင်ကျင်းပခဲ့ဘူးသည့် ရွေးကောက်ပွဲများ၏ ရလာဒ်များအပေါ် မည်ကဲ့သို့ အကောင်အထည်ဖေါ်ခဲ့ပါသနည်း စသည့်အချက်များအပေါ် ပြဋ္ဌာန်းတည်ရှိခဲ့ဘူးသည့် ဥပဒေများ၏ စည်းနှောင်အားရှိခဲ့သည့် အစဉ်အလာများနှင့် အလေးအနက် ဆက်စပ်ယှဉ်တွဲ သုံးသပ်ရန်လည်း လိုအပ်ပေသည်။ မြန်မာနိုင်ငံတွင် အလားတူရွေးကောက်ပွဲမျိုးကို ၁၉၉၀ ပြည့်နှစ်တွင် ကျင်းပခဲ့ဘူးသည်။ ယင်း၏ရလဒ် မည်သို့ရှိခဲ့သည်ကို မဲဆန္ဒရှင်ပြည်သူတိုင်း သိထားပြီး ဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူများ၏ ရင်တွင်းဆန္ဒ အကောင်အထည်ဖော်ခွင့်အပေါ် အာမခံချက်ကို မည်သူကပေးမည် ဆိုသည့်အချက်သည် အရေးအကြီးဆုံးအချက်တရပ်ဖြစ်သည်။

## ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ၏ နိုင်ငံရေးရည်မှန်းချက်

ဒီမိုကရေစီကျင့်စဉ်ကို လက်ခံကျင့်သုံးသည့် နိုင်ငံတိုင်းတွင် လွတ်လပ်၍ တရားမျှတမှုရှိသည့် ရွေးကောက်ပွဲများရှိသည့်နည်းတူ ယင်းရွေးကောက်ပွဲများတွင် လူထုဆန္ဒမှန်ကို ကိုယ်စားပြုဖေါ်ထုတ်ပေးကြသည့် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကိုလည်း အလေးထား စီမံဆောင်ရွက်ပေးရမည် ဖြစ်သည်။ နိုင်ငံ၊ ပြည်သူလူထု၊ ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ၏ တည်ရှိမှုတို့

သည် တဆက်တစပ်တည်းဖြစ်သည့် နိုင်ငံရေး ဖြစ်စဉ်တရပ်ဖြစ်သည်။ ယင်းနိုင်ငံရေး ဖြစ်စဉ်ကို မည်သည့် ဒီမိုကရေစီနိုင်ငံမှ ကျော်လွှန်လုပ်ဆောင်ခွင့်မရှိ၊ ယင်းနိုင်ငံရေးဖြစ်စဉ်အတွင်း သဟဇာတရှိသည့် အပြန်အလှန်ထိမ်းညှိသွားနိုင်မည့် ဥပဒေယန္တယားတရပ်ကို တည်ဆောက်ကျင့်သုံးနိုင်မှုသည် ယင်းနိုင်ငံ၏ နိုင်ငံရေး ဂုဏ်သိက္ခာပင်ဖြစ်သည်။ ယင်းသည် တရားဥပဒေစိုးမိုးရေး၏ အခြေခံပြယုတ်ဖြစ်သည်။ ဒီမိုကရေစီကျင့်စဉ်ကို လက်တွေ့အခြေအနေများနှင့်အညီ ချိန်ဆကျင့်သုံးခြင်းလည်း ဖြစ်သည်။

နိုင်ငံရေးပါတီတိုင်းသည် သက်ဆိုင်ရာ မိမိနိုင်ငံအတွက်သော်လည်းကောင်း၊ မိမိနိုင်ငံသားများအတွက်သော်လည်းကောင်း အကျိုးဖြစ်ထွန်းစေမည့် နိုင်ငံရေးရည်မှန်းချက်များရှိကြသည်။ ယင်းနိုင်ငံရေး ရည်မှန်းချက်များကို ကျင်းပလေ့ရှိသည့် ရွေးကောက်ပွဲများမှတဆင့် ပြည်သူ့အကျိုးကို အကောင်အထည်ဖော်ရန် ကြိုးပမ်းကြရသည်။ သို့ဖြစ်၍ ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီသည် အပြန်အလှန် အမှီသဟဲပြုနေရသည်။ နိုင်ငံရေးပါတီများ၏ နိုင်ငံရေးရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ခွင့် အခြေအနေကို ရွေးကောက်ပွဲဖြင့် ဖန်တီးပေးရသည်။ တချိန်တည်းတွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ခြင်းဖြင့် ပြည်သူအကျိုးပြု နိုင်ငံရေးပါတီများ ပေါ်ထွန်းလာစေရန်လည်း ဖြစ်ပေသည်။ နိုင်ငံရေးပါတီတရပ်သည် မိမိ၏စစ်မှန်သည့် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးပြုခြင်းဆိုင်ရာ နိုင်ငံရေးရည်မှန်းချက်ကို မိမိဖြတ်သန်းရမည့် ရွေးကောက်ပွဲ၏ ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် များစွာဆက်စပ်မှုရှိပေသည်။ ရွေးကောက်ပွဲ အဆုံးအဖြတ်ဆိုင်ရာ အာမခံချက်သည် နိုင်ငံရေးပါတီတခု၏ ဂုဏ်သိက္ခာတရပ်လည်း ဖြစ်ပေသည်။

နိုင်ငံရေးပါတီတိုင်းသည် မိမိတို့ဖြတ်သန်းရမည့် ရွေးကောက်ပွဲ၏ စံ တန်ဖိုးများကို အထူးအလေးထား သုံးသပ်ရမည်ဖြစ်သည်။ ခိုင်မာစွာ ချမှတ်ကိုင်စွဲထားသည့် မိမိပါတီအဖွဲ့အစည်း၏ နိုင်ငံရေးရည်မှန်းချက်ကို ပေါက်မြောက်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးဝန်းကျင်တရပ် ခိုင်မာစွာ ရှိ မရှိဆိုသည်ကို ဆုံးဖြတ်ရမည်မှာ နိုင်ငံရေးရည်မှန်းချက် ခိုင်မာစွာရှိသည့် နိုင်ငံရေးပါတီတရပ်၏ နိုင်ငံရေးတာဝန်သာဖြစ်ပေသည်။ သို့ဖြစ်၍ ၂၀၁၀ ခုနှစ်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သတ်မှတ်ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ ပြဋ္ဌာန်းဥပဒေများ၊ နိုင်ငံရေးပါတီများနှင့် အပြန်အလှန်ဆက်စပ်မှု အခြေအနေများ၊ ဖြစ်ပေါ်နေသည့် နိုင်ငံရေး ဝန်းကျင်အနေအထားများကို တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီကျင့်စဉ်ဆိုင်ရာအခြေခံများမှ စောင့်ကြည့်လေ့လာ သုံးသပ်ခြင်းတို့ကို မဲဆန္ဒရှင်ပြည်သူတရပ်လုံးမှ အလေးအနက် သုံးသပ်ပြီး မိမိတို့၏ အနာဂတ်ကံကြမ္မာကို ဖန်တီးနိုင်ကြပြီး၊ လောကပါလတရားနှင့်အညီ ဖြစ်မည့် လူ့ဘောင်လောကသစ်ကြီး ပေါ်ထွန်းလာအောင် ကြိုးပမ်းနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

*PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910*
*E-mail : blcsan@ksc.th.com; Website : www. blc-burma.org*

# ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ဖျက်သိမ်းရမည်ဖြစ်ကြောင်း ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

နအဖ မှ ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပနိုင်ရန်အတွက် ဦးသိန်းစိုး ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်၍ အဖွဲ့ဝင် (၁၇) ဦးပါဝင်သည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို (၁၁၊ ၃၊ ၂၀၁၀ ) ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်၊ ယင်းရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ဘက်လိုက်၍ ပါတီတည်ထောင်ခွင့် ပြုခဲ့ခြင်းကြောင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတရပ်ကို ကျင်းပပေးနိုင်မည့် ကော်မရှင်မဟုတ်သဖြင့် ဖျက်သိမ်းရမည်ဖြစ်ကြောင်း အောက်ပါအတိုင်း ဥပဒေရေးရာသုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

## မြန်မာနိုင်ငံရှေ့နေများကောင်စီသည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရဝန်ကြီးများကိုယ်တိုင် အဂတိလိုက်စား မဲဆွယ်စည်းရုံးနေမှုများသည် တိုင်းပြည်နှင့် ပြည်သူအပေါ် တရားမဲ့ပြုကျင့်သည့် ပြစ်မှုများဖြစ်ကြောင်းကို လည်းကောင်း[၁]၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ၁၉၀၈ ခုနှစ် မတရားအသင်း ဥပဒေပုဒ်မ–၁၅ (၂)(က) ကို ချိုးဖောက်သည့်ပြစ်မှုများကို ကျူးလွန်ခဲ့သည့်အတွက်လည်းကောင်း၊ ၁၉၈၈ ခုနှစ် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၅(ဃ) ကို ဖောက်ဖျက်ကျူးလွန်သည့်အတွက် ဖျက်သိမ်းရမည့် အဖွဲ့အစည်းဖြစ်ကြောင်းနှင့် နိုင်ငံရေးပါတီတရပ်အဖြစ် ထူထောင်ရပ်တည်ပိုင်ခွင့်မရှိသည့် အဖွဲ့အစည်းဖြစ်ကြောင်းတို့ကိုလည်းကောင်း[၂]၊ ကြည့်မြင်တိုင်မြို့နယ် အလတ်ချောင်း ကျေးရွာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်လွင် ဦးဆောင်သော အင်အား (၂၀၀) ခန့်၏ အကြမ်းဖက်လုပ်ရပ်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဆက်လက်ကျူးလွန်သည့် ပြစ်မှုများအဖြစ် မှတ်တမ်းတင်ထားရှိပါကြောင်းကို လည်းကောင်း[၃] ဥပဒေရေးရာ သုံးသပ်ချက်များ ထုတ်ပြန်ခဲ့ပါသည်။

ဒီပဲယင်းလုပ်ကြံမှုမှ စတင်ကာ ယနေ့ထိတိုင်အောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် အကြမ်းဖက်ရိုက်နှက်မှုများကို ကျူးလွန်လျက်ရှိကြောင်းကို (၃၊ ၅၊ ၂၀၁၀) ရက်နေ့တွင် မွန်ပြည်နယ်၊ ရေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးအဖွဲ့ဝင် ဦးချစ်တင် ရိုက်နှက်ခြင်းခံရသည့် အဖြစ်အပျက်က သက်သေထူလျက်ရှိသည်[၄]။

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

၁။ နိုင်ငံပိုင်သတင်းဌာနများ၏ ထုတ်ပြန်ကြေညာချက်အရ နအဖ ဝန်ကြီးချုပ် ဦးသိန်းစိန် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် "ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ" ကို နိုင်ငံရေးပါတီတစ်ရပ်အဖြစ် တည်ထောင်ခွင့်ပြုပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားခဲ့ကြောင်း သိရှိရသည်[၅]။

၂။ စစ်ဘက်ရာထူးများမှ နုတ်ထွက်လိုက်ကြသူများမှာ ဗိုလ်ချုပ်ကြီး သိန်းစိန်၊ ဗိုလ်ချုပ် ဉာဏ်ဝင်း၊ ဗိုလ်ချုပ် မောင်ဦး၊ ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ ဗိုလ်ချုပ် စိုးနိုင်၊ ဗိုလ်မှူးကြီး ဇော်မင်း၊ ဗိုလ်မှူးချုပ် သိန်းဇော်၊ ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ ဗိုလ်ချုပ်ခင် မောင်မြင့်၊ ဗိုလ်မှူးချုပ် သန်းဌေး၊ ဗိုလ်ချုပ် မောင်မောင်ဆွေ၊ ဗိုလ်ချုပ် လှထွန်း၊ ဗိုလ်မှူးကြီး သန့်ရှင်း၊ ဗိုလ်မှူးချုပ် ဝင်းအောင်၊ ဗိုလ်မှူးချုပ် ညီထွန်း၊ ဗိုလ်မှူး ကျော်ကျော်အောင်၊ ဗိုလ်မှူးချုပ် စိုးဦး၊ ဗိုလ်ချုပ် ကျော်စွာခိုင်၊ ဗိုလ်ချုပ် အေးမြင့်၊ ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ ဒုဗိုလ်မှူးကြီး ဝင်းကို စသူတို့ ဖြစ်ကြောင်း သိရှိရသည်[၆]။

၃။ ယင်းသို့ လျှောက်ထားခဲ့သည့်အချိန်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ သည် ယခင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို အခြေတည်၍ ဖွဲ့စည်းခြင်း ဟုတ် သည်၊ မဟုတ်သည်ကို ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ခဲ့ခြင်း မရှိကြောင်း တွေ့ရှိရသည်၊

၄။ ရွေးကောက်ပွဲကော်မရှင်မှ နအဖ အစိုးရ ဝန်ကြီးချုပ် ဦးသိန်းစိန် ဥက္ကဋ္ဌအဖြစ် တာဝန် ယူ ဆောင်ရွက်သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ၂၀၁၀ခုနှစ်၊ မေလ (၄) ရက်နေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် ပြုလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်[၇]။

၅။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌသည် နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဝန်ကြီးချုပ်တာဝန်ကို ရယူဆောင်ရွက်နေသူ ဖြစ်သည်။

၆။ ၂၀၀၈ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း ပုဒ်မ ၂၆(က) ပြဋ္ဌာန်းချက်တွင် နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်ဟူ၍ လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် မတ်လ (၈) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နအဖ ၏ နိုင်ငံရေး ပါတီများမှတ်ပုံတင်ခြင်း ဥပဒေ အခန်း (၂) နိုင်ငံရေးပါတီ တည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်း ခေါင်းစဉ်ပါ ပုဒ်မ – ၄ (ဃ) တွင် ပါတီထောင်လိုသူများ ကိုက်ညီရမည့် အချက်များ၌ "နိုင်ငံဝန် ထမ်းမဟုတ်ခြင်း" ဟူ၍ လည်းကောင်း အတိအလင်း ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

၇။ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ – ၁၄ တွင် အစိုးရအရာထမ်း အမှုထမ်းဆိုရာ၌ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေအရသော် လည်းကောင်း၊ နိုင်ငံတော်သမ္မတကသော် လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ အာဏာအရသော် လည်းကောင်း၊ ဆက်လက် ထမ်းရွက်ရသူ သို့တည်း မဟုတ် ခန့်ထားခြင်းခံရသူ သို့တည်းမဟုတ် စေခိုင်းခြင်းခံရသူ ရာထမ်း မှုထမ်းအရပ်ရပ်တို့ ပါဝင်သည်ဟူ၍ လည်းကောင်း။

၈။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ – ၂၁ ပြည်သူ့ဝန်ထမ်းဆိုသည်မှာ – အစိုးရ ပဋိညာဉ်ခံ ဝန်ထမ်းများ ပါဝင်သည်ဟူ၍ လည်းကောင်း အတိအလင်း ပြဋ္ဌာန်းထားပါသည်။

၉။ နိုင်ငံတော်သမ္မတ ဆိုသည့် စကားရပ်နှင့် စပ်လျဉ်း၍ ၁၉၈၈ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် – ၈ "စကားရပ်များ အစားထိုးသည့် ဥပဒေ" တွင် "နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်သမ္မတ ဆိုသည်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ" ဖြစ်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားပါသည်။

၁၀။ ယနေ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝန်ကြီးချုပ် သိန်းစိန်နှင့် အစိုးရအဖွဲ့ဝင်များသည် နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၏ အာဏာအရ ဆက်လက်ထမ်းရွက်ရသူများ ဖြစ်သောကြောင့် အစိုးရ ပဋိညာဉ်ခံ အမှုထမ်းများသာဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်သည်ဟု သတ်မှတ်ရမည်ဖြစ်သည်။

၁၁။ ထို့ကြောင့် ဝန်ကြီးချုပ် သိန်းစိန်နှင့် အစိုးရအဖွဲ့ဝင်များသည် အစိုးရအဖွဲ့ ရာထူးများ ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက်မှ နုတ်ထွက်ခြင်းမရှိဘဲ "ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ" ကို တည်ထောင်လိုက်ခြင်းမှာ ယနေ့ မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် ဥပဒေများနှင့်ပင် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေများမှ အပ်နှင်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ပိုင်ခွင့် အာဏာများ**

၁။ နအဖ အစိုးရက ၂၀၁၀ ပြည့်နှစ်၊ မတ်လ (၈) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်မှာ "ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေ" ဖြစ်၍ မတ်လ (၁၁) ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည်မှာလည်း "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်" သာဖြစ်သည်၊ "ပြည်ထောင်စု ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ဥပဒေ" မဟုတ်သကဲ့သို့ "ပြည်ထောင်စုရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်" မဟုတ်ကြောင်းတို့ကို လေးနက်စွာ သိရှိရမည်ဖြစ်သည်။

၂။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများအရ နိုင်ငံရေးပါတီတရပ် တည်ထောင်ခွင့်ပေးခြင်း၊ မှတ်ပုံတင်ခွင့်ပြုခြင်းတို့နှင့် ဖျက်သိမ်းခြင်းတို့ကို ပြုလုပ်နိုင်သည်မှာ ကော်မရှင်၏ လုပ်ပိုင်ခွင့်အာဏာများပင် ဖြစ်နေသည်။

၃။ ရွေးကောက်ပွဲ ကော်မရှင်ဥပဒေ ပုဒ်မ – ၈ (ဇ) နှင့် (ဈ) တို့တွင် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ရွေးကောက်ပွဲ ခုံအဖွဲ့များ ဖွဲ့စည်းပေးနိုင်သည်မှာလည်း ကော်မရှင်၏ လုပ်ပိုင်ခွင့်အာဏာများပင် ဖြစ်နေသည်။

၄။ ထို့ပြင် ရွေးကောက်ပွဲ ကော်မရှင်ဥပဒေ ပုဒ်မ – ၉ (ခ) ရွေးကောက်ပွဲ ခုံအဖွဲ့များ၏

ဆုံးဖြတ်ချက်များ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများနှင့် ပြင်ဆင်မှုများကို အပြီးအပြတ် ဆုံးဖြတ်ဆောင်ရွက်ပိုင်ခွင့်ရှိသည်မှာလည်း ကော်မရှင်၏ လုပ်ပိုင်ခွင့်အာဏာများပင် ဖြစ်သည်၊

၅။ ရွေးကောက်ပွဲကော်မရှင်အား အထက်ဖော်ပြပါ လုပ်ပိုင်ခွင့်အာဏာအသီးသီးကို လွှဲအပ်ထားခြင်းမှာ အာဏာလွန်ကဲစွာ အပ်နှင်းထားခြင်းပင် ဖြစ်သည်။ တဖက်၌ ရွေးကောက်ပွဲကော်မရှင်ကို တည်ထောင်ခန့်အပ်ထားသည်မှာ နအဖ စစ်အစိုးရဖြစ်သည်။ ထို့ကြောင့် နအဖ စစ်အစိုးရ၏ အကျိုးစီးပွားတစုံတရာနှင့် သက်ဆိုင်သည့် နိုင်ငံရေးပါတီများကို တည်ထောင်ခွင့်ပြုခြင်း၊ မှတ်ပုံတင်ခွင့်ပြုခြင်းတို့နှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အဂတိတရားကင်းစင်စွာ ရပ်တည်နိုင်ရန်ခဲယဉ်းမည်ဖြစ်ကြောင်းကို နအဖ ဝန်ကြီးချုပ် ဦးသိန်းစိန် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် "ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ဥပဒေနှင့် ညီညွတ်ခြင်းမရှိဘဲ တည်ထောင်ခွင့်ပြုခဲ့သည့် လုပ်ရပ်ဖြင့် သက်သေပြလျက်ရှိသည်။ ထိုကဲ့သို့ ကြံ့ဖွံ့ပါတီတည်ထောင်ခွင့်ပေးခဲ့ခြင်းမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အခြားသော ပါတီအသီးသီး၏ အခွင့်အရေးများကို နစ်နာဆုံးရှုံးစေသည်။

၆။ အခြားတဖက်တွင် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများဖြစ်ပေါ်လာပါက နအဖ စစ်အစိုးရ၏ အကျိုးစီးပွား တစုံတရာနှင့် သက်ဆိုင်သည့် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသော အငြင်းပွားမှုများကို ရွေးကောက်ပွဲကော်မရှင်အနေဖြင့် တရားမျှတမှန်ကန်စွာ ဖြေရှင်းပေးနိုင်မည် မဟုတ်ပါ။ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အခြားသော နိုင်ငံရေးပါတီ အသီးသီး၏ အခွင့်အရေးများ နစ်နာဆုံးရှုံးကြရမည်ဖြစ်သည်။

၇။ နိုင်ငံတကာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် – ၇ တွင် နိုင်ငံသားတိုင်းသည် ဥပဒေ၏ ရှေ့မှောက်တွင် တူညီသည့်အခွင့်အရေး ရှိသည့်အပြင် ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကို တူညီစွာခံစားပိုင်ခွင့်ရှိသည်ဟူ၍ လည်းကောင်း၊ အပိုဒ် – ၈ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ အခြားဥပဒေတရပ်ရပ်အရ ဖြစ်စေ နိုင်ငံသားတိုင်းအတွက် အပ်နှင်းထားသည့် အခြေခံအခွင့်အရေးများကို ချိုးဖောက်ခံရသည့်အတွက် နစ်နာမှုများကို တရားရုံးများတွင် ထိရောက်စွာ သက်သာခွင့် ရရှိစေရမည် ဟူ၍လည်းကောင်း၊ အပိုဒ် ၁၀ တွင် အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို အဆုံးအဖြတ်ပေးရာတွင် လွတ်လပ်၍ ဘက်မလိုက်သော တရားရုံးတော်၏ ပြည်သူ့ရှေ့မှောက် ကြားနာစစ်ဆေးခြင်းကို ရရှိရမည် ဟူ၍လည်းကောင်း အတိအလင်း ပြဋ္ဌာန်းထားသည်။

၈။ ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု ပြဿနာ အရပ်ရပ်ကို သီးခြားလွတ်လပ်သည့် ရွေးကောက်ပွဲဆိုင်ရာ တရားရုံးများတွင်သာ ဖြေရှင်းစေရမည်ဖြစ်သည်။

၉။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများသည် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတရပ်ကို အာမခံချက်ပေးနိုင်မည့် ဥပဒေများမဟုတ်ကြောင်း ထင်ရှားလျက်ရှိသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတို့အရ –

၁။ ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများသည် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတရပ်ကို အာမခံချက်ပေးနိုင်မည့် ဥပဒေများမဟုတ်သည့်အတွက် လည်းကောင်း၊ အကြမ်းဖက်လုပ်ရပ်များကိုသာ ဆက်တိုက်ကျူးလွန်ခဲ့ပြီး ယနေ့ နအဖ ဝန်ကြီးချုပ် ဦးသိန်းစိန် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ဥပဒေနှင့်မညီ ဘက်လိုက်၍ ပါတီတည်ထောင်ခွင့်ပြုခဲ့သည့် ဥက္ကဋ္ဌ ဦးသိန်းစိုး ဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို လည်းကောင်း၊ ဖျက်သိမ်းရမည်ဖြစ်ကြောင်း –

၂။ နိုင်ငံရေးပါတီ အသီးသီးအနေဖြင့်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို တည်ထောင်ခွင့် ပြုခဲ့ခြင်းနှင့် ၎င်းပါတီက ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်နေမှုများသည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခြင်းဖြစ်သဖြင့် တရားဝင်ကန့်ကွက်ဆန္ဒပြုသင့်ပါကြောင်းတို့ကို ဥပဒေရေးရာ သုံးသပ်ချက်ထုတ်ပြန်အပ်ပါသည်၊

ဥပဒေရေးရာသုံးသပ်ရေးဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ
နေ့စွဲ– ၁၉ – ၅ –၂၀၁၀

(Footnotes)

[၁] နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရဝန်ကြီးများကိုယ်တိုင် အဂတိလိုက်စား မဲဆွယ်စည်းရုံးနေမှုများအပေါ် ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီလ (၁၀) ရက်။

[၂] နိုင်ငံရေးပါတီတရပ်ကဲ့သို့ ဦးတည်လှုပ်ရှားလျက်ရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ဖျက်သိမ်းရမည်ဖြစ်ကြောင်း ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက်၊ ၂၀၀၉ ခုနှစ်၊ မတ်လ (၃၀) ရက်။

[၃] ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဆက်လက်ကျူးလွန်သော ပြစ်မှုများအဖြစ် မှတ်တမ်းတင်ထားရှိပါကြောင်း ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက်၊ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ (၂၃) ရက်။

[၄] ဒီဗွီဘီသတင်း၊ မောင်တူး မတ်လ ၅ ရက်နေ့၊ ၂၀၁၀ ခုနှစ်။

[၅] ၃၀၊ ၄၊ ၂၀၁၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများ။

[၆] မဇ္ဈိမ သတင်း၊ ကျော်ခ ဧပြီ ၃၀ ရက်၊ ၂၀၁၀။

[၇] ၅၊ ၅၊ ၂၀၁၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများ။

## ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ

*(အောက်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဆောင်းပါးများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရှေ့နေများကောင်စီ၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူး ရေးသားပြုစုကာ ဒီမိုကရက်တစ် မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့ပြီးသော အခြေခံဥပဒေရေးရာဆောင်းပါးများကို ခွင့်ပြုချက်ဖြင့် ပြန်လည်တင်ပြခြင်းဖြစ်သည်။)*

# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၆၃)
# တိုင်းရင်းသား အခွင့်အရေး နှင့် နအဖ ၏ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၆)

ကရင့်တော်လှန်ရေး နှစ်ခြောက်ဆယ်ပြည့်နေ့ အခမ်းအနားကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလ (၃၁) ရက်နေ့ က ကရင်ပြည်နယ်တနေရာမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။ ကရင်တောင်တန်းတွေ နောက်ခံမှာ သောင်းနဲ့ ချီတဲ့ ကရင်လူထုပရိသတ်တွေ၊ ကရင်အမျိုးသားခေါင်းဆောင်တွေ၊ ကရင်တော်လှန်ရေး ရဲဘော်တွေ တပ်မှူးတပ်သားတွေ၊ အခမ်းအနားမှာ တက်ရောက်အားပေးဂုဏ်ပြုကြတဲ့ ပြည်တွင်းပြည်ပနဲ့ နယ်စပ်တလျှောက် အဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်တွေကိုကြည့်ရင်း အတွေးတခုပေါ်လာပါတယ်။ အဲဒါကတော့ အဲဒါကတော့ ကရင်အမျိုးသားတွေအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံအတွက် တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံမယ့် စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ နအဖ က ဘာကြောင့် ခါးခါးသီးသီး ငြင်းဆိုနေတာပါလိမ့်ဆိုတဲ့ အတွေးပါဘဲ။

နှစ်ခြောက်ဆယ်ပြည့်နေ့ အခမ်းအနားမှာ တော်လှန်ရေးဆိုတာ မတရားမှု ဖိနှိပ်မှုကို ဆန့်ကျင်တာ၊ တရားမျှတမှုအတွက် တိုက်ပွဲဝင်တာ၊ ကရင့်တော်လှန်ရေးဟာ ကရင်အမျိုးသားထု တခုတည်းအတွက်သာမက အမျိုးသားပေါင်းစုံ လူထုတရပ်လုံးအတွက် ဖြစ်တယ်ဆိုတဲ့ ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောတာမလာဘော ရဲ့မိန့်ခွန်း၊ လမ်းညွှန်ချက်တွေနဲ့ ဖုံးလွှမ်းနေပါတယ်။ ကရင်အမျိုးသားအစည်းအရုံးမှာ အဲသည်လို မှန်ကန်တဲ့နိုင်ငံရေးအမြင်တွေရှိတာကြောင့် စစ်အာဏာရှင်စနစ်ရဲ့ ဖိနှိပ်ဖြိုခွဲမှုတွေကို နှစ်ပေါင်းခြောက်ဆယ် ကြံ့ကြံ့ခံပြီး ရင်ဆိုင်ရပ်တည်နိုင်ခဲ့တာလို့ ပြောနိုင်ပါတယ်။

ကရင်အမျိုးသားအစည်းအရုံးရဲ့ အထွေထွေအတွင်းရေးမှူးချုပ်အဖြင့် ဖဒိုမန်းရှာလဖန်းတာဝန်ယူခဲ့စဉ်တုန်းက သူ့ရဲ့နိုင်ငံရေးဦးဆောင်မှုကို ကရင်အမျိုးသားအစည်းအရုံးအတွင်းမှာသာမက ပြည်တွင်းပြည်ပကပါ အသိအမှတ်ပြုကြရပါတယ်။ ကျယ်ပြန့်တဲ့ သဘောထားအမြင်တွေရှိတာကြောင့် ကရင်အမျိုးသားထုအတွက်သာမက တပြည်လုံးရဲ့ အမျိုးသားခေါင်းဆောင်အဆင့်ရှိသူဖြစ်တယ်လို့ သတ်မှတ်ခံခဲ့ရသူပါ။ နှစ်ခြောက်ဆယ်ပြည့် အခမ်းအနားမှာ စကားပြောခွင့်ရခဲ့သူတွေအနက် နှစ်ဦးကတော့ ဖဒိုမန်းရှာရဲ့ သမီးတွေဖြစ်တဲ့ နန်းဇိုယာဖန်းနဲ့ နန်းဘွားဘွားဖန်း တို့ပါဘဲ။ နအဖ စစ်အာဏာရှင်တွေ လက်ချက်နဲ့ ကျမတို့ ဖေဖေ ကျဆုံးသွားခဲ့တယ်။

ဖေဖေကျဆုံးသွားခဲ့ရင် ကရင့်တော်လှန်ရေး ပျက်သွားခဲ့လိမ့်မယ်လို့ အာဏာရှင်တွေက ယူဆခဲ့ကြပေမယ့် အဲဒါဟာ မဟုတ်မှန်ဘူးဆိုတာကို ယနေ့ သက်သေပြနေပြီ။ ကရင့်တော်လှန်ရေးဟာ ခိုင်ခိုင်မာမာ ဆက်လက်တည်ရှိနေတယ်။ ပြည်သူလူထုတွေ ဒီမိုကရေစီအင်အားစုတွေနဲ့ လက်တွဲပြီး စစ်အာဏာရှင်တွေကို ပြတ်ပြတ်သားသား ဆက်လက် တိုက်ပွဲဝင်သွားမယ်လို့ ပြောကြားနေခဲ့တဲ့ သမီးနှစ်ဦးကိုကြည့်ပြီး သူတို့ဖခင်ကို ပြန်လည်သတိရကြ၊ သမီးတွေရဲ့ စိတ်ဓါတ်နဲ့ လုပ်ဆောင်ချက်တွေကို အားရဂုဏ်ယူမိကြ စတဲ့စိတ်လှုပ်ရှားမှုတွေ ဖြစ်လာတာကြောင့် နားထောင်နေကြတဲ့ ပရိသတ်အတွင်းမှာ မျက်ရည်ကျသူတွေ ကျကြပါတယ်။

နအဖဟာ ကရင်အမျိုးသား အစည်းအရုံးကို ဖြိုခွဲဖို့အတွက် ဒီမိုကရက်တစ်ကရင် ဗုဒ္ဓဘာသာ အစည်းအရုံး (DKBA) ဆိုတဲ့ အဖွဲ့အစည်းကို လက်နက်ကိုင်တပ်တွေနဲ့တကွ ဖွဲ့စည်းခွင့်၊ ရပ်တည်ခွင့်၊ လှုပ်ရှားခွင့်ပြုထားခဲ့ ပြုထားဆဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကနေ့အချိန်အထိ ဒီကေဘီအေကို တရားဝင် အသိအမှတ်ပြုထားတာ မရှိသေးပါဘူး။ နအဖ မကြိုက်တဲ့ အဖွဲ့အစည်းတခုက ထုတ်ဝေတဲ့ စာစောင်စာအုပ်တွေ၊ စာရွက်စာတမ်းတွေ လက်ဝယ်မှာတွေ့ ရှိရုံနဲ့ မတရားအသင်းနဲ့ ဆက်သွယ်တယ်ဆိုပြီး နှစ်ရှည်ထောင်ဒဏ် ပြစ်ဒဏ်တွေ ချမှတ်ခံခဲ့ရတဲ့ ပြည်သူတွေ မနည်းလှပါဘူး။ ဥပဒေအရ မတရားသင်းဖြစ်နေသေးတဲ့ ဒီကေဘီအေကို ပြောင်ပြောင် တင်းတင်း ဆက်သွယ်ရုံသာမက လက်နက်ပစ္စည်းတွေ ထောက်ပံ့ပေး၊ ကေအင်ယူ ကို ဆန့်ကျင်တဲ့ စစ်ရေးလှုပ်ရှားမှုတွေလုပ်ဖို့ အားပေးအားမြှောက်ပြု အစရှိသဖြင့် လုပ်ဆောင်နေကြတဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ခေါင်းဆောင်တဲ့ စစ်အုပ်စု ထိပ်သီးတွေကိုသာ ဥပဒေနဲ့ အညီ အရေးယူရရင် နှစ်ပေါင်းရာနဲ့ ချီပြီ ထောင်ထဲမှာ ထည့်ထားလို့ ရပါလိမ့်မယ်။

နအဖ စစ်အာဏာရှင်တွေရဲ့ သည်လိုလုပ်ဆောင်မှုတွေကြောင့် ကရင် ကရင်ချင်း သတ်ကြ၊ မွန် မွန်ခြင်းသတ်ကြ၊ ကရင်နီ ကရင်နီချင်းသတ်ကြ၊ ရှမ်းနဲ့ ဝ သတ်ကြ အစရှိသဖြင့် တိုင်းရင်းသားအချင်းချင်း သတ်ဖြတ်မှု ကျူးလွန်ကြရတဲ့ အခြေအနေဆိုးကြီးကို ကြုံတွေ့နေရဆဲပါဘဲ။ ဘယ်လိုဘဲဖြစ်ဖြစ် နအဖ နဲ့ပဲ လက်တွဲပြီး ကိုယ့်အကျိုးစီးပွားအတွက် ကိုယ့်ဟာကိုယ် လုပ်သွားတော့မယ်ဆိုတဲ့ တိုင်းရင်းသားခေါင်းဆောင်တချို့ကလွဲလို့ တိုင်းရင်းသားအဖွဲ့အစည်းကြီးတွေဟာ နအဖကို မယုံနိုင်ဘူးဆိုတာတွေဟာ ဒါတွေကြောင့်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်လာပြီဆိုတာကို လက်ညှိုးထိုးပြပြီး လက်နက်တွေ့စွန့်၊ နိုင်ငံရေးပါတီတွေ ထောင်၊ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမှာ ဝင်ကြဖို့ နအဖရဲ့ လိုက်လံစည်းရုံးနေမှုတွေအပေါ် ဘယ်တိုင်းရင်းသားအဖွဲ့အစည်းကြီးကမှ ယုံကြည်ပြီး လက်နက်တွေ မအပ်ကြသေးတာဟာ ဒါတွေကြောင့်ပါဘဲ။ နအဖ က ခွင့်ပြုထားတဲ့ ဘောင်အတွင်းမှာ ရနိုင်သမျှ နိုင်ငံရေးလှုပ်ရှားမှုကလေးတွေနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို တဖြည်းဖြည်းများ လုပ်သွားရင် ရနိုင်မလားရယ်လို့ ရိုးရိုးသားသားမျှော်လင့်ပြီး ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီဖွဲ့စည်းဖို့ ကြိုးစားရုံနဲ့ ထောင်ဒဏ် (၇၅) နှစ်ကနေ (၁၀၆) နှစ် အထိချမှတ်ခံလိုက်ရတဲ့ ဦးခွန်ထွန်းဦးနဲ့ ရှမ်းတိုင်းရင်းသားခေါင်းဆောင်တွေကိုကြည့်ပြီး တိုင်းရင်းသားအဖွဲ့အစည်းကြီးတွေရဲ့ မယုံကြည်မှုဟာ ပို၍သာ ပြင်းထန်လာပါတော့တယ်။

ဒီလိုခြေအနေတွေကြားထဲကနေ မျက်စိမှိတ်ပြီး နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ကြိုဆိုတဲ့အနေအထားနဲ့ ပြောဆိုတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေလည်း ရှိလာပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေအထဲက တယောက်ကတော့ ကချင်လွတ်မြောက်ရေးအဖွဲ့ရဲ့ ထိပ်ပိုင်းခေါင်းဆောင် တဦးဖြစ်တဲ့ ဒေါက်တာတူးဂျာပါ။ ဒေါက်တာတူးဂျာဟာ ကရင်ပြည်နယ်မှာ ကရင်အမျိုးသား အစည်းအရုံးက ဦးဆောင်တည်ဆောက်ထားတဲ့ မာနယ်ပလော လွတ်မြောက်နယ်မြေရှိစဉ် တုန်းက မြန်မာပြည် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်မှာ ထင်ရှားတဲ့တပ်ပေါင်းစု ခေါင်းဆောင် တဦးလည်း ဖြစ်ခဲ့ပါတယ်။ ပြုံးရွှင်ဖော်ရွေတဲ့ မျက်နှာထားရှိပြီး ဆက်ဆံရေးလည်းကောင်းမွန်တာ ကြောင့် လူချစ်လူခင်များတဲ့ ခေါင်းဆောင်တဦးလို့ ပြောရပါလိမ့်မယ်။ အဲဒီတုန်းက တပ်ပေါင်း စုက ဦးဆောင်ဖွဲ့စည်းပေးခဲ့တဲ့ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး ကော်မတီမှာ ဒေါက်တာတူးဂျာက အဖွဲ့ခေါင်းဆောင်အဖြစ် ကာလတခုတာ ဝန်ယူခဲ့သူဖြစ်ပါ တယ်။

အခုလို ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် တက်တက်ကြွကြွ လုပ်ဆောင်ခဲ့တဲ့ ဒေါက်တာတူးဂျာရဲ့ တင်ပြချက်ကို ပြီးခဲ့တဲ့အပတ် ရေဒီယိုဆွေးနွေးခန်းတခုမှာ ကြားလိုက်ရတော့ အံ့သြသွားခဲ့ပါတယ်။ အဲဒါကတော့ နအဖ က ၂၀၁၀ ရွေးကောက်ပွဲကို လုပ်ကို လုပ်သွားမှာပဲ ဆိုတာရယ်၊ ၂၀၁၀ ရွေးကောက်ပွဲကို လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် လုပ်ရမယ်ဆိုတာရယ်တို့ပါပဲ။ သဘောကတော့ နအဖ လုပ်မယ့် ၂၀၁၀ ရွေးကောက်ပွဲကို မလုပ်နဲ့လို့ တားနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် ကန့်ကွက်မယ့်အစား ပူးပေါင်းဆောင်ရွက်ပါလို့ ထုတ်မပြောရုံတမယ်ပဲ ကျန်တော့တယ်လို့ အဓိပ္ပါယ်ဖွင့်ဆိုရ မလို ဖြစ်နေပါတယ်။

ဒီသဘောအခြေခံနဲ့ ရပ်တည်စဉ်းစားနေကြတဲ့ ဒေါက်တာတူးဂျာနဲ့တကွ တိုင်းရင်းသား ခေါင်းဆောင်တချို့ကို အကြံပေးခြင်ပါတယ်။ ပထမတချက်ကတော့ စစ်အာဏာရှင်စနစ်ကို ပူးပြီး သတ်မယ်ရယ်လို့ရည်မှန်းပြီး ဝင်လုံးသွားသူတွေသာ ဘဝနိဂုံးချုပ်သွားခဲ့ရတယ်ဆိုတာ ပါ။ မဆလရဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာတဲ့အချိန်မှာ မြန်မာနိုင်ငံမှာ အထင်ရှားဆုံး နိုင်ငံရေးခေါင်းဆောင်ကြီးတဦးဖြစ်ခဲ့တဲ့ အလံနီ သခင်စိုးကြီးဟာ အလောင်း ထမ်းညီညွတ်ရေးလုပ်ရမယ်လို့ ကြွေးကြော်ပြီး မဆလ စစ်အာဏာရှင်တွေနဲ့ ပူးပေါင်းဆောင် ရွက်ဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် သခင်စိုးကြီး ကွယ်လွန်ပြီး အလောင်းဖြစ်သွားခဲ့တဲ့အချိန် အထိ ဘာတခုမှ မယ်မယ်ရရ အောင်မြင်မှုမရခဲ့ပါဘူး။

ဒုတိယအချက်ကတော့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမှာ ဝင်လုံးဖို့ဆိုရင် နိုင်ငံရေးပါတီ ထောင်မှ ရပါလိမ့်မယ်။ ကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ အနေနဲ့ ဖြစ်စေ၊ ဒေါက်တာတူး ဂျာနဲ့ ကချင်ခေါင်းဆောင်တချို့ ပါတီခွဲပြီးထောင်သည် ဖြစ်စေ၊ နိုင်ငံရေးပါတီမှန်သမျှဟာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တန့်ခိုင်မြဲရေးတွေကို ပါတီရဲ့ဦးတည်ချက်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တရား ဝင်ထားရှိ ကျင့်သုံးရပါလိမ့်မယ်။ ဒီလိုထောင်လိုက်တာနဲ့ အကျိုးဆက်နှစ်ရပ်ကို မလွဲမသွေ ကြုံတွေ့ရမှာပါ။ တရပ်ကတော့ ကချင်အမျိုးသားတွေ လွတ်မြောက်ရေးအတွက်ဆိုတဲ့ ရည်မှန်း

ချက်နဲ့ KIO အဖွဲ့အစည်း တည်ထောင်၊ အသက်သွေးချွေးတွေရင်းပြီး ဆယ်စုနှစ် လေးစုကျော် လောက် တိုက်ပွဲဝင်ခဲ့တာတွေ အလဟဿ ဖြစ်သွားပါလိမ့်မယ်။ နောက်တရပ်ကတော့ စစ်အာဏာရှင်စနစ်ကို အလုပ်အကြွေးပြုသူတွေအဖြစ်နဲ့သာ ဘဝနိဂုံး အဆုံးသတ်ဖို့ ဖြစ်သွားနိုင်ပါတယ်။

တတိယအချက်ကတော့ လက်ရှိတည်ထောင်ထားတဲ့ ကချင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်ကို ဘယ်လိုနည်းနဲ့ ချန်ခဲ့မလဲဆိုတဲ့ ကိစ္စပါပဲ။ ဒေါက်တာတူးဂျာအပါအဝင် ကချင်ခေါင်းဆောင်တွေ အတော်များများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဗဟုသုတ တစုံတရာ ကြွယ်ဝကြသူတွေပါ။ နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ တွေ တရားဝင်အသွင်ကူးပြောင်းပြီး ရပ်တည်နိုင်ရေးအတွက် ပြဋ္ဌာန်းချက် ဘာတခုမျှ မပါရှိဘူးဆိုတာကို သူတို့ထက်ပိုပြီး သိနိုင်သူတွေမရှိပါဘူး။ ဒေါက်တာတူးဂျာ ကိုယ်တိုင် အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်ရေးဆွဲခဲ့တဲ့ အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ပုဒ်မ (၁၃၄) မှာ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်လူဦးရေ၏ (သုံးညဒသမ တစ်ရာခိုင်နှုန်း) အင်အားထက်မပိုသော ပြည်နယ်တပ်ဖွဲ့ကို ဖွဲ့စည်းထားရှိနိုင်သည် ဆိုပြီး ပါရှိခဲ့တာကို ဒေါက်တာတူးဂျာနဲ့ ကချင်ခေါင်းဆောင်တွေ မမေ့လောက်သေးဘူးလို့ ယူဆပါတယ်။ ဒီလိုအခြေအနေမျိုးတွေ ဘာတခုမျှမရရှိသေးပဲနဲ့ ခေါင်းဆောင်တွေက ပါတီထောင် ရွေးကောက်ပွဲဝင်ပြီး အမတ်နေရာယူသွားကြ၊ ကိုယ်နဲ့အတူ တိုက်ခဲ့ကြတဲ့ရဲဘော်တွေနဲ့ တပ်တွေကိုတော့ ဘာမှမသိတဲ့အခြေအနေအောက်မှာ ဒီအတိုင်းပြစ်ထားခဲ့တာမျိုးကို ကချင်ခေါင်းဆောင်တွေ လုပ်ကြမှာမဟုတ်ဘူးလို့ မျှော်လင့်ရပါတယ်။

၂၀၀၉ ခုနှစ် ဖေဖေါ်ဝါရီလ (၂) ရက်နေ့မှာ ဖမ်းဆီးခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ သူမရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်တွေအားလုံးနဲ့ အတူ ကုလ အထူးကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီနဲ့ တွေ့ဆုံခွင့်ရလိုက်ကြောင်း သိရပါတယ်။ ဒီအခြေအနေဟာ တိုးတက်မှုလို့မခေါ်ဆိုနိုင်ပေမယ့် အခင်းအကျင်းပြောင်းသွားတယ်လို့တော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက သုံးသပ်ပါတယ်။ ဘာကြောင့် ဒီလိုအခင်းအကျင်း ပြောင်းသွားပါသလဲ။ ပထမအချက်ကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရော၊ အခြားပြည်တွင်း ပြည်ပက နိုင်ငံရေးအင်အားစုတွေပါ နအဖရဲ့ ဖွဲ့စည်းပုံနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို လက်မခံနိုင်ဘူးဆိုတာကို ပြတ်ပြတ်သားသား ပြောလာကြလို့ ဖြစ်ပါတယ်။ ဒုတိယအချက်က ဝသပနဲ့ မွန်ပြည်သစ်ပါတီ တို့အပါအဝင် အပစ်ရပ်အဖွဲ့တွေအနေနဲ့ လက်နက်ဖြုတ်တာကို လက်မခံနိုင်ဘူးဆိုတာ ထင်ထင်ရှားရှား ပြသလာကြလို့ပါပဲ။ တတိယအချက်က တိုင်းရင်းဒေသတွေ၊ နယ်စပ်ဒေသတွေနဲ့ နိုင်ငံတကာမှာ အခြေပြုလှုပ်ရှားနေကြတဲ့ နိုင်ငံရေးအင်အားစုတွေအနေနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေပါ ပါဝင်စေပြီး အမျိုးသားညီညွတ်ရေးလွှတ်တော်၊ အမျိုးသား ညီညွတ်ရေးအစိုးရတို့ ဖွဲ့စည်းတိုက်ပွဲဝင်သွားမယ်ဆိုတဲ့ လှုပ်ရှားမှုတွေ ပေါ်လာတာလဲ တကြောင်းပါ။ စတုတ္ထအချက်ကတော့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအနေနဲ့ကလည်း နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာရော၊ ကျင်းပတော့မယ်ဆိုတဲ့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွေကိုပါ သံသယရှိလာကြောင်း ထုတ်ဖော်ပြသလာကြလို့ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။

# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၆၄)
# တိုင်းရင်းသား အခွင့်အရေးနှင့် နအဖ ၏ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၇)

မြန်မာနိုင်ငံသမိုင်းမှာ တောင်ကြီး ဦးထွန်းမြင့်၊ ဦးရွှေအုံး၊ ဦးခွန်ထီး စသူတို့အပါအဝင် ရှမ်းအမျိုးသားခေါင်းဆောင် အတော်တော်များများဟာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် တက်တက်ကြွကြွ ဦးဆောင်ခဲ့ကြသူတွေပါ။ ရှမ်းပြည်နယ်ရဲ့ မြို့တော် တောင်ကြီးမှာ ကျင်းပခဲ့တဲ့ ကွန်ဖရင့်ဟာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ ကြိုးစားတဲ့ သမိုင်းဟာ အထင်ကရလဲ ဖြစ်ခဲ့ပါတယ်။

တကယ်တော့ ၁၉၆၀–၆၁ ခုနှစ်များတဝိုက်မှာ ရှမ်းပြည်ရဲ့ အဓိကကျခဲ့တဲ့ နိုင်ငံရေးလှုပ်ရှားမှုကြီးဟာ ပြည်ထောင်စုကနေ ခွဲထွက်ရေးမဟုတ်၊ စစ်မှန်တဲ့ ပြည်ထောင်စုဖြစ်အောင် ပြောင်းလဲ တည်ဆောက်ရေးသာ ဖြစ်ခဲ့တာပါ။ ဒါပေမဲ့ အခြေအနေကောင်းကို စောင့်ဆိုင်းနေတဲ့ ဗိုလ်ချုပ်နေဝင်းနဲ့ အပေါင်းပါ စစ်ခေါင်းဆောင်တွေဟာ ရှမ်းစော်ဘွား တဦးနှစ်ဦးကို လက်ညှိုးထိုးပြပြီး ရှမ်းပြည်ဟာ ပြည်ထောင်စုကနေ ခွဲထွက်တော့မယ်၊ ဖက်ဒရယ်ဆိုတာ ခွဲထွက်ရေး ဖြစ်တယ်၊ ပြည်ထောင်စုကြီး မပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်၊ ပြည်ထောင်စုကြီး ချောက်ထဲကျဖို့ လက်တကမ်းအလိုမှာ တပ်မတော်က ကယ်တင်လိုက်ရတယ် စသဖြင့် အသံကောင်းဟစ် အကြောင်းပြပြီး ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာ တိုင်းပြည်အာဏာကို သိမ်းယူခဲ့တာဖြစ်ပါတယ်။ နှစ်ပေါင်း ၅၀ နည်းပါးကြာလာတဲ့အချိန် ပြန်သုံးသပ်ကြည့်လိုက်တဲ့အခါမှာ ပြည်ထောင်စုကြီးဟာ ချောက်ထဲကို လုံးလုံးကျရောက်နေပြီဆိုတာကို တွေ့ရပါတော့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ စွမ်းစွမ်းတမံကြိုးစားခဲ့ကြတဲ့ ရှမ်းအမျိုးသားခေါင်းဆောင်ကြီးတွေကိုတော့ လေးစားအသိအမှတ်ပြုရမှာပါပဲ။

ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို နှစ်နှစ်ကာကာ ယုံကြည်ပြီး ဦးဆောင်လုပ်ရှားသွားသူ ရှမ်းခေါင်းဆောင်တွေအနက် ထင်ရှားသူတဦးကတော့ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး သမ္မတကြီး ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်ရဲ့ သား ကျောက်ဇန်းယောင်ဝေပါ။ ဖက်ဒရယ်ပြည်ထောင်စု မတည်ဆောက်နိုင်ခဲ့တာကြောင့် ပြည်တွင်းစစ် သက်ဆိုးရှည်ခဲ့ရပြီး လူတွေဟာ တိရိစ္ဆာန်သာသာဘဝကို ရောက်နေရတယ်လို့ မှန်မှန်ကန်ကန် သုံးသပ်ထောက်ပြခဲ့တာဟာလည်း ကျောက်ဇန်းယောင်ဝေ ပါပဲ။ ကျောက်ဇန်းယောင်ဝေ ကွယ်လွန်ခဲ့ပြီးဖြစ်ပေမဲ့ တိုင်းရင်းသားပေါင်းစုံ လူမျိုးမရွေး ဖက်ဒရက်ပြည်ထောင်စုကို လိုလားနှစ်သက်သူ မှန်သမျှဟာ ကျောက်ဇန်းယောင်ဝေကို သတိရ တမ်းတဆဲ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၉ ဇန်နဝါရီလ ၅ ရက်နေ့နှင့် ၆ ရက်နေ့တွေမှာ ဒီမိုကရက်တစ် မြန်မာ့အသံ ရုပ်မြင်သံကြားကနေ ရှမ်းခေါင်းဆောင်တဦးနဲ့ တွေ့ဆုံမေးမြန်းခန်းကို ထုတ်လွှင့်သွားခဲ့တယ်။ အဲဒီရှမ်းခေါင်းဆောင်ဟာလည်း ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဦးဆောင်ကြိုးပမ်းနေသူတဦးဖြစ်တယ်လို့ ယူဆသတ်မှတ်ခြင်း ခံခဲ့ရသူပါ။ သူဟာ ခေတ်ပညာတတ်တဦးလည်း ဖြစ် နိုင်ငံရေးနောက်ခံလည်းရှိတာကြောင့် ၂၀၁၀ ခုနှစ်မှာ နအဖက ကျင်းပဖို့ စီစဉ်ထားတဲ့

ရွေးကောက်ပွဲဆိုတာဟာ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာ အခြေခံတယ် ဆိုတာကို မသိစရာအကြောင်းမရှိပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေကောင်းတခုရရှိမှသာ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာ အခြေပြုပြီး ကျင်းပမယ့် ရွေးကောက်ပွဲဟာ အဓိပ္ပါယ်ရှိလိမ့် မယ် ဆိုတာရယ်ကိုလဲ သူမသိနိုင်စရာအကြောင်း ဘာတခုမှမရှိပါဘူး။ ဒါပေမဲ့ အံ့သြစရာ ကောင်းတာက နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ရှမ်းခေါင်းဆောင်တွေအပါအဝင် တိုင်းရင်း သား လူထုအများစုကြီးက လိုလားနေကြတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို ပုံဖော်မယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖြစ်သလား၊ မဖြစ်ဘူးလားဆိုတာကို တွေ့ဆုံမေးမြန်းခန်းမှာ တလုံးတပါဒမှ ပြောမသွားတာကတော့ အံ့သြလောက်ဖွယ် ဖြစ်နေပါတယ်။

သူ့ရဲ့ပထမဦးဆုံး သုံးသပ်ချက်တရပ်ကတော့ နအဖ ဘက်ကလည်း မလျှော့ဘူး၊ NLD ဘက်ကလည်း မလျှော့ဘူး နှစ်ဘက်လုံးက လူထုကို မကြည့်တော့ဘူးလားဆိုတဲ့အချက် ဖြစ် ပါတယ်။ ဆိုလိုခြင်တာကတော့ ဒီကနေ့ လူထုဆင်းရဲတွင်းနက်ရတဲ့အကြောင်းဟာ နအဖ ရော NLD ပါ နှစ်ဖက်လုံးက လူထုကို မကြည့်ကြလို့ဖြစ်တယ်၊ နှစ်ဖက်လုံးမှာ တာဝန်ရှိတယ်၊ လူထု ဆင်းရဲတွင်းနက်နေတဲ့ကိစ္စကို အဓိကကြည့်ပြီး နှစ်ဖက်လုံးက လျှော့ကြဖို့လိုတယ်ရယ်လို့ ဖြစ် ပါတယ်။ အမှတ်တမဲ့ကြည့်ရင် သူပြောတာ မှန်သလိုလိုပါဘဲ။ ဒါပေမယ့် အသေအချာသုံးသပ် ကြည့်ရင် တက်တက်စဉ်လွဲနေတာကို တွေ့ရပါလိမ့်မယ်။ ဒီလိုလေသံမျိုးနဲ့ ထောက်ပြချက်မျိုးကို ပြည်တွင်းမှာ တတိယလိုင်းလိုလို ဘာလိုလိုကို ဖော်ဆောင်ဖို့ကြိုးစားနေတဲ့ အုပ်စုတခုဆီက လည်း ကြားရတတ်ပါတယ်။

လောကမှာ အကြောင်းနဲ့ အကျိုးဆိုတာရှိပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ Cause and Effect Theory ရယ်လို့ လက်ခံကြတယ်။ အကြောင်းကြောင့် အကျိုးဖြစ်တယ်ရယ်လို့ မြတ်စွာ ဘုရားက ဟောကြားခဲ့တယ်။ ရောဂါဘာကြောင့် ဖြစ်ရတယ်ဆိုတာကို ရှာဖွေပြီး ပျောက်ကင်း အောင်ကုသနိုင်ဖို့အတွက် ရောဂါနဲ့သင့်တော်တဲ့ဆေးကို ပေးရပါတယ်။ ဒီနေရာမှာ ရောဂါရဲ့ အရင်းအမြစ်ပါ ပြုတ်သွားအောင် အတွင်းဆေးတိုက်ကြွေးရတာမျိုးရှိသလို လတ်တလော သက်သာသွားအောင် ယာယီလိမ်းဆေးပေးရတဲ့ အခါမျိုးတွေလည်း ရှိပါတယ်။ အတွင်းဆေး ရော၊ ယာယီ လိမ်းဆေးပါ၊ နှစ်ခုလုံးပေးနိုင်ရင် ရောဂါအတွက် အကောင်းဆုံးဖြစ်မှာပါ။ လိမ်းဆေး မပေးနိုင်ရင် ယာယီအနေနဲ့ ရောဂါသက်သာခြင်းမှ သက်သာပါလိမ့်မယ်။ လိမ်းဆေး မပေးနိုင် ပေမဲ့ အတွင်းဆေးပေးနိုင်ရင်တော့ ရေရှည်မှာ ရောဂါလုံးဝပျောက်သွားမှာပါ။ ယာယီလိမ်း ဆေးပဲပေးနိုင်ပြီး အတွင်းဆေးမပေးနိုင်ရင်တော့ အခြေအနေဟာ ပြောင်းပြန်ဖြစ်သွားပါလိမ့် မယ်။ ယာယီတော့ ရောဂါသက်သာမှာဖြစ်ပေမယ့် ရေရှည်မှာ ပျောက်ကင်းမသွားတဲ့အပြင် ပိုမိုသဲသန်ပြင်းထန်လာမှာကြောင့် လူ့အသက်အန္တရာယ်ကိုပါ စိုးရိမ်ရတဲ့အထိ ဖြစ်သွားနိုင်ပါ တယ်။

လူထုဆင်းရဲတွင်းနက်နေတာကို အဓိကထားကြည့်ဖို့ဆိုရာမှာ ဒီသဘောအခြေခံကနေ ချဉ်းကပ်ဖို့ လိုပါလိမ့်မယ်။ အခုလူထုတွေ ဆင်းရဲတွင်း နက်နေတယ်၊ သူတို့ဘာတွေ လိုအပ် သလဲ လူသုံးပစ္စည်းတွေလား၊ ဆေးဝါးတွေလား၊ အဝတ်အထည် အသုံးအဆောင်တွေလား၊ ပညာရေး လိုအပ်ချက်တွေလား၊ လူမှုရေး အထောက်အပံ့တွေလား အဲဒါတွေကိုရရှိအောင်

စီစဉ်ပေးရမယ်လို့ ဆိုလိုပုံရပါတယ်။ အဲဒီလို ဖြစ်တယ်ဆိုရင်လည်း အဲဒီ ရှမ်းအမျိုးသား ခေါင်းဆောင်ပြောတဲ့အချက်ကို ငြင်းပယ်ဖို့မရှိပါဘူး။ လူထုအတွက် အခုချက်ခြင်း ရှာဖွေ ထောက်ပံ့ပေးနိုင်ရင် ကောင်းတာပါပဲ။ လူထုခံစားနေရတာတွေ တစုံတရာ ချက်ခြင်းသက်သာ သွားမှာ ဖြစ်တာကို။ ဒါပေမယ့် ဒါဟာ ယာယီလိမ်းဆေးပေးတဲ့ သဘောသာဖြစ်ပါတယ်။ ယာယီ လိမ်းဆေးပေးထားတဲ့အချိန်မှာ ရောဂါကို အခြေအမြစ်ကနေ တိုက်ဖျက်နိုင်အောင် တပြိုင်နက် ထဲမှာ အတွင်းဆေးလည်းပေးဖို့လိုမှာ အမှန်ပါဘဲ။

လူထုတွေ ဆင်းရဲတွင်းနက်ရတဲ့ အခြေခံအကျဆုံးအကြောင်းကတော့ တဖက်ကစစ် အာဏာရှင်စနစ်ကို ကျင့်သုံးနေပြီး အခြားတဖက်က စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ငြင်းပယ်နေလို့ ဖြစ်ပါတယ်။ အင်တာဗျူး လုပ်သွားတဲ့ ရှမ်းခေါင်းဆောင် ဟာ လူထုတွေ ဆင်းရဲတွင်းနက်ရတဲ့ အခြေခံအကျဆုံးအကြောင်းကို ဘာ တခုမှ ပြောဆိုသွားခဲ့ခြင်း မရှိပါဘူး။ ဖက်ဒရယ်ပြည်ထောင်စု မတည်ဆောက် နိုင်တဲ့အတွက် ပြည်တွင်းစစ်ဒဏ်ကြောင့် လူတွေဟာ ဆင်းရဲတွင်းနက်ပြီး တိရိစ္ဆာန် သာသာဘဝကို ရောက်နေရတယ်ဆိုတဲ့ ကျောက်ဇန်းယောင်ဝေ ရဲ့ သုံးသပ် ထောက်ပြချက်ကိုလည်း ကိုးကားသွား တာ မကြားရတော့ပါဘူး။ တကယ်တော့



လူထုတွေ ဆင်းရဲတွင်းနက်ရတဲ့ အခြေခံအကြောင်းဖြစ်တဲ့ စစ်အာဏာရှင်စနစ်ကို ကျင့်သုံးမှု၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ငြင်းပယ်မှု ပြုနေသူဟာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် မဟုတ်ပါဘူး။ နအဖ သာဖြစ်ပါတယ်။ ဒါကြောင့် လူထုတွေ ဆင်းရဲတွင်းနက်တဲ့ ဘဝက လွတ်ကင်းအောင် လိုက်လျောပြီး လုပ်ဆောင်ပေးရမှာက နအဖ ပါပဲ။ နအဖ အနေနဲ့ ဒီလိုသာ လိုက်လျောလာမယ်ဆိုရင်တော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ဝမ်းမြောက်ဝမ်းသာစွာ နအဖ နဲ့ လက်တွဲပြီး လုပ်ဆောင်သွားလိမ့်မယ်ဆိုတာကို ဗေဒင်မေးစရာတောင် မလိုတော့ပါ။

နောက်ပြီး အဲဒီ ရှမ်းခေါင်းဆောင်က ၂၀၁၀ ရွေးကောက်ပွဲကို ဘယ်လိုသဘောထားနဲ့ ချည်းကပ်သင့်တယ်ဆိုတာကို ဆက်လက်ပြောဆိုသွားပါသေးတယ်။ **အခြေခံဥပဒေကို ရေး ထားပြီးပြီ၊ စစ်အစိုးရဘက်ကလျှော့မှာ မဟုတ်ဘူး၊ အပြင်မှာရှိတဲ့လူက တိုက်လို့ ရတယ်၊ အပြင်ကတော့ တိုက်ရမှာပဲ၊ အထဲမှာရှိတဲ့လူထုက ပါတီမရှိတော့ ဆန္ဒကို ပြလို့မရဘူး၊ လူထုဆန္ဒကို တကယ်ဖေါ်ပြနိုင်ဖို့ ပါတီတွေရှိသင့်တယ်၊ ရွေးကောက်ပွဲ ရှိလာရင် လူထုပိုပြီး နားလည်လာမယ်** စသဖြင့် ပြောသွားပါတယ်။

အဲဒီလို ပြောသွားတဲ့ ရှမ်းခေါင်းဆောင်ကို ခင်မင်ရင်းစွဲ၊ လေးစားရင်းစွဲကတော့ မပျက်ပါ ဘူး။ နောင်လဲ ဆက်ပြီဆက်ဆံ နေရဦးမှာပါ။ ဒါပေမယ့် မှားယွင်းတဲ့ သုံးသပ်ချက်တွေကိုတော့ မှားတယ်လို့ပဲ ထောက်ပြရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သူကိုယ်တိုင်ကိုလဲ အမြင်မှန်

ရလာစေခြင်တဲ့အပြင် လူထုအနေနဲ့ မှားယွင်းတဲ့ သုံးသပ်ချက်တွေအပေါ် မျက်စိလည်မသွားစေခြင်တဲ့ စေတနာကြောင့်လည်း ဖြစ်ပါတယ်။

စစ်အစိုးရဘက်ကလျှော့မှာ မဟုတ်ဘူးဆိုတော့၊ လူထုဘက်ကပဲ လျှော့ရတော့မှာလား။ ဒါဆိုရင် ဘာမှဆက်မလုပ်ပဲ စစ်အစိုးရကိုသာ ရာဇပလ္လင် ဆက်တင်ပေးလိုက်ပါတော့။ အပြင်မှာရှိတဲ့လူကတော့ တိုက်၊ အထဲက လူက ရွေးကောက်ပွဲဝင်ဆိုတာမျိုးဟာ ပထဝီအနေအထားကိုမူတည်ပြီး သုံးသပ်သလို ဖြစ်မနေဘူးလား။ နိုင်ငံရေးမှာ မဟာဗျူဟာဆိုတာ သမတ်တည်း ချမှတ်ရတာမျိုးပါ။ နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲကို လက်ခံသင့်တယ် ယူဆရင် ပြည်တွင်းရော ပြည်ပမှာပါ လှုပ်ရှားနေတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေမှန်သမျှ လက်ခံကြရမှာပါ။ ဆန့်ကျင်သင့်တယ်လို့ သုံးသပ်ရင်လည်း ပြည်တွင်း ပြည်ပမရွေး အားလုံးဆန့်ကျင်ကြရမှာပါပဲ။ အထဲမှာရှိတဲ့လူထုက ပါတီမရှိတော့ ဆန္ဒပြလို့မရဘူးဆိုတဲ့စကားကို ပြောရက်လေခြင်းရယ်လို့ သက်ပြင်းချရမလို ဖြစ်နေပါတယ်။ ထီးထီးမားမား ရှိနေသေးတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ နိုင်ငံရေးပါတီ မဟုတ်ဘူးလား။ အဖွဲ့ချုပ်ဟာ မြန်မာနိုင်ငံထဲက လူထုအများစုကြီးကို ကိုယ်စားပြုနေတာ မဟုတ်ဘူးလား။ ၂၀၁၀ ရွေးကောက်ပွဲကို လက်မခံနိုင်ဘူးလို့ တိတိလင်းလင်းပြောထားတဲ့ အဖွဲ့ချုပ်ရဲ့ရပ်တည်ချက်ကို အဲဒီ ရှမ်းခေါင်းဆောင် မကြားလေရော့သလား။

လူထုဆန္ဒကို တကယ်ဖော်ပြနိုင်ဖို့ ပါတီတွေ ရှိသင့်တယ်တဲ့။ ကရင်အမျိုးသား အစည်းအရုံး၊ ကချင်ပြည် လွတ်မြောက်ရေးအဖွဲ့၊ မွန်ပြည်သစ်ပါတီ၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ အစရှိတာတွေဟာ ပြည်တွင်းမှာရှိတဲ့ အထင်ကရ တိုင်းရင်းသား နိုင်ငံရေးပါတီကြီးတွေမဟုတ်ဘူးလား။ သူတို့ အားလုံးက နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကိုလက်မခံနိုင်ဘူးလို့ ပြောနေကြတာဟာ သူတို့ရဲ့ သက်ဆိုင်ရာ တိုင်းရင်းသား လူထုတွေဆန္ဒကိုထင်ဟပ် ဖော်ပြတာမဟုတ်ဘူးလား။ အဲဒီ ပါတီကြီးတွေဟာ နအဖ ဆီမှာ မှတ်ပုံတင်မထားတာကြောင့် သူတို့ဟာ လူထုဆန္ဒကို တကယ်ဖော်ပြတဲ့ ပါတီရယ်လို့ လက်မခံဘူးလား။ ဦးခွန်ထွန်းဦး အပါအဝင် ရှမ်းခေါင်းဆောင် ရှစ်ဦးဟာ ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီဖွဲ့ စည်းဖို့ ကြိုးစားတဲ့အခါမှာ နအဖ ဆီမှာ မှတ်ပုံမတင်တာကြောင့် အပြစ်ရှာပြီး ထောင်ဒဏ်(၇၅) နှစ်ကနေ (၁၀၆) နှစ် အထိ ချလိုက်တဲ့ကိစ္စကို နအဖ မှန်တယ်လို့များ ပြောချင်ပါသလား။

ရွေးကောက်ပွဲရှိလာရင် လူထုပိုပြီး နားလည်လာမယ်ဆိုတဲ့ သုံးသပ်ချက်ကတော့ အဆိုးဝါးဆုံးပါပဲ။ နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲကို မျက်စိမှိတ်ပြီး ထောက်ခံလိုက်တာပါပဲ။ အဲဒီသုံးသပ်ချက်ကို ထုတ်ဖေါ်တဲ့ ရှမ်းခေါင်းဆောင် မေ့နေပုံရပါတယ်။ ၁၉၇၄ ခုနှစ် မဆလ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ လူထုဟာ လေးနှစ်တကြိမ် ရွေးကောက်ပွဲအတွေ့အကြုံတွေ ရှိခဲ့တာပါ။ ရွေးကောက်ပွဲကို လူထုကနားမလည်တဲ့ ပြဿနာမဟုတ်ပါဘူး။ ရွေးကောက်ပွဲကိုအာဏာပိုင်တွေက ထိမ်းချုပ် လိမ်လည်ကျင်းပတာကသာ အဓိက ပြဿနာဖြစ်ခဲ့တာပါ။ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲမှာလည်း ဒီပြဿနာကို မလွဲမသွေ ထပ်မံကြုံတွေ့ဦးမှာ ဖြစ်တဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။

# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၆၅)
# တိုင်းရင်းသား အခွင့်အရေး နှင့် နအဖ ၏ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၈)

ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (KIO) ဟာ မြန်မာနိုင်ငံမှာ တတိယအင်အား အကြီးမား ဆုံးလက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းဖြစ်ပါတယ်။ (KIO) ဟာ ၁၉၉၄ ခုနှစ် ကစပြီး နအဖ နဲ့ အပစ်အခတ်ရပ်စဲရေး လုပ်သွားခဲ့တယ်။ အဲဒီအချိန်ကစလို့ နအဖကို ပွင့်ပွင့် လင်းလင်းဝေဖန်တဲ့ အသံတွေတိတ်ဆိတ်သွားခဲ့တာ အခုအချိန်အထိ ဆိုရင် (၁၆) နှစ်နီးပါး ရှိသွားခဲ့ပါပြီ။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်နေ့ ကချင်တော်လှန်ရေးနေ့ အခမ်းအနား ကျင်းပတဲ့အချိန်မှာ ပေါ်ထွက်လာခဲ့တဲ့ ကေအိုင်အို ဥက္ကဋ္ဌ ဦးဇော်ခရားရဲ့ အသံကတော့ နအဖကို ဝေဖန်ရုံသာမကပါဘူး။ ပြောင်ပြောင်တင်းတင်း စစ်ကြေညာလိုက်တဲ့သဘော သက်ရောက်သွားတာကို အံ့သြဖွယ်ရာတွေ့ရပါတယ်။

မိုးမပြိုဘူး ပြိုခဲ့သော် တိုက်ပွဲဝင်ဖို့ အသင့်ပြင်ဆင်ထားကြရမယ်ဆိုတဲ့ တင်းမာကျယ် လောင်တဲ့ ကြိမ်းဝါးသံကြီးနဲ့ စတင်ပြီး ဦးဇော်ခရားဟာ သူ့ကို စစ်ရေးပြ ချီတက်အလေးပြု နေတဲ့ ကချင်လွတ်မြောက်ရေးတပ်မတော် တပ်မှူးတပ်သားများကိုသာမက သောင်းနဲ့ချီပြီး လာရောက် အားပေးကြတဲ့ ကချင်လူထုကိုပါ မိန့်ခွန်းပေးခဲ့တယ်။ ပြီးတော့ စစ်ရေးအရ ပြင်ဆင် ဖို့ သူအခုလို ဘာကြောင့်နှိုးဆော်ရတယ်ဆိုတဲ့ အကြောင်းကိုလည်း အောက်ပါအတိုင်း ဆက်လက်ရှင်းပြပါတယ်။

**နအဖရဲ့ အမျိုးသားညီလာခံကျင်းပတဲ့ အချိန်တုန်းက ကချင်ပြည် လွတ်မြောက်ရေးအဖွဲ့အနေနဲ့ ကိုယ်စားလှယ် (၅) ဦး စေလွှတ်တက်ရောက်စေခဲ့ တယ်။ တချိန်တည်းမှာ ကချင်လူထုဆီက သဘောထားဆန္ဒတွေပါ စုဆောင်း ပြီးတော့ အဲဒီကိုယ်စားလှယ်တွေကတဆင့် အမျိုးသားညီလာခံမှာ တင်ပြခဲ့ တယ်။ ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွက်လာတဲ့အခါကျတော့ မိမိ တို့ တင်ပြချက်တွေ ပါရှိမလာတာကို တွေ့ရတယ်။ မိမိတို့ တင်ပြချက်တွေကို မှတ်တမ်းတင်ထားပါမယ်ဆိုတဲ့ အကြောင်းပြန်ကြားချက်ကိုသာ ရရှိခဲ့တယ်။ ဒါကြောင့် မိမိတို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ဘူး။ နိုင်ငံ ရေးပါတီထောင်ပြီးတော့လည်း ရွေးကောက်ပွဲဝင်သွားမှာ မဟုတ်ဘူး။**

အထက်ပါစကားလုံးတွေကို ကေအိုင်အို ဥက္ကဋ္ဌ ဦးဇော်ခရားက ကချင်တော်လှန်ရေး နေ့ အခမ်းအနားကြီးမှာ ပြောင်ပြောင်တင်းတင်း ထုတ်ဖော်ပြောဆိုသွားခဲ့တာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကေအိုင်အိုကနေ တင်သွင်းသွားခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြံပြုချက် တွေအကြောင်း လူထုကို ပြန်လည်မိတ်ဆက်ပေးဖို့ လိုပါလိမ့်မယ်။

နအဖရဲ့ အမျိုးသား ညီလာခံကျင်းပခဲ့စဉ်တုန်းက ကေအိုင်အိုက အချက် (၁၉) ချက်ပါတဲ့ အကြံပြုချက်ကို တင်သွင်းခဲ့တာဖြစ်ပါတယ်။ အဲဒီတုန်းက ကေအိုင်အိုတင်ပြခဲ့တဲ့ (၁၉) ချက်

အနက် အဓိကကျတဲ့အချက်တွေကို ကောက်နုတ်ပြီး နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့ နှိုင်းယှဉ်တင်ပြပါ့မယ်။

ပထမအချက်ကတော့ အုပ်ချုပ်ရေးအပိုင်းနဲ့ ဆိုင်ပါတယ်။ နိုင်ငံတော် သမတဟာ ပြည်နယ်အစိုးရတွေအပေါ်မှာ သိပ်များပြားလွန်းတဲ့ အခွင့်အာဏာကျင့်သုံးမယ်ဆိုရင် တင်းကြပ်တဲ့ ဗဟိုချုပ်ကိုင်မှုကို ဦးတည်သွားစေပြီးတော့ တပြည်ထောင်စနစ် ပေါ်ထွန်းလာစေလိမ့်မယ်လို့ ကေအိုင်အိုက သုံးသပ်တင်ပြခဲ့တယ်။ အဲဒီ အချက်ကို ကချင်အမျိုးသားတွေ သာမက စစ်မှန်တဲ့ပြည်ထောင်စုကို တည်ဆောက်လိုကြတဲ့ တိုင်းရင်းသား အားလုံးနီးပါးက လည်း လက်ခံခဲ့ကြတယ်။ တကယ်တော့ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရဆိုရင် လက်ရှိ ယူနီဖောင်းဝတ်ထားတဲ့ ဗိုလ်ချုပ်ကြီးတစ်ဦးဦး ဒါမှမဟုတ် ဗိုလ်ချုပ်ကြီးဘဝကနေ အရပ်သား အဖြစ်ကို ပြောင်းလဲထားသူ တစ်ဦးဦးသာလျှင် ပြည်ထောင်စု သမတရာထူးနေရာကို ယူလိမ့်မယ် လို့ ကချင်ခေါင်းဆောင်တွေ တွက်ဆကောင်း တွက်ဆထားပုံရပါတယ်။ အဲဒါကို ကန့်ကွက်ထား တာတော့ မတွေ့ရပါဘူး။

ဒါပေမယ့် ကချင်ပြည်နယ်မှာ ကချင်လူထု ကိုယ်စားလှယ်တွေက ရွေးချယ်တင်မြှောက် ခြင်းခံရသူကိုသာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်ထား အုပ်ချုပ်ခွင့်ပြုမယ်ဆိုရင် ကေအိုင်အို အနေနဲ့ လက်ခံကျေနပ်မယ့် သဘောရှိပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှာ ကျင့်သုံး ခဲ့တဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အလားတူပြဿနာကို ကြုံတွေ့ခဲ့ရတယ်။ ပြည်ထောင်စု ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့တဲ့ ဦးနုက သူကြိုက်နှစ်သက်တဲ့ ပုဂ္ဂိုလ်တွေကို ရွေးချယ်ပြီး ပြည်နယ်ဥက္ကဋ္ဌတွေအဖြစ် ခန့်ထားခွင့်ရခဲ့တဲ့အပေါ် တိုင်းရင်းသားတွေက ကြေလည် မှု မရှိခဲ့ကြပါဘူး။

ဒါကြောင့် တိုင်းရင်းသား ပြည်နယ်တွေမှာ ပြည်နယ်ဝန်ကြီးချုပ်ကို သက်ဆိုင်ရာ တိုင်းရင်း သား ပြည်နယ်လွှတ်တော်တွေအလိုက် သူတို့ဖာသာသူတို့ ရွေးချယ်တင်မြှောက် အုပ်ချုပ်ချင်တဲ့ ဆန္ဒဟာ အဲ့ဒီကတည်းက ရှိခဲ့ကြတာပါ။ ဒီအချက်ကိုပဲ ကေအိုင်အိုက ထပ်မံတောင်းဆိုတာလို့ မှတ်ယူရပါတယ်။ သူတို့ရဲ့ တောင်းဆိုချက်အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အများစုရဲ့ သဘောထားဆန္ဒနဲ့သာ ပြည်နယ်ဝန်ကြီးချုပ်ကို ရွေးချယ်တင်မြှောက်ခွင့် ပြုဖို့ဖြစ်ပါတယ်။ နိုင်ငံတော် သမတကနေ အဲ့ဒီပုဂ္ဂိုလ်ကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ် အသိအမှတ်ပြု ခန့်အပ်ဖို့ ဖြစ်ပါတယ်။

ဒါပေမယ့် နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်လာတဲ့အခါမှာတော့ ကေအိုင်အိုရဲ့ တင်ပြချက်ကိုမှတ်တမ်းတင်ထားပါ့မယ်လို့ ဖြောင့်ဖျနှစ်သိမ့်ပြီး ကေအိုင်အို တင်ပြချက်နဲ့ ပြောင်းပြန်ဖြစ်တဲ့ နအဖ ရဲ့ လိုလားချက်သက်သက်ကိုသာ ဖွဲ့စည်းပုံထဲမှာ ထည့်သွင်း ပြဋ္ဌာန်းလိုက်ပါတော့တယ်။ ပုဒ်မ ၂၆၁ (ခ) မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းပါရှိပါ တယ်။

နိုင်ငံတော် သမတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်

အဖြစ်ခန့်အပ် တာဝန်ပေးရန်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲက သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် လွှတ်တော် ကိုယ်စားလှယ် တစ်ဦးအား ရွေးချယ်ရမည်။

(၂) ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပေးပို့လျက် သဘောတူညီချက် ရယူရမည်။

အထက်ပါ နအဖရဲ့ ဖွဲ့စည်းပုံပြဋ္ဌာန်းချက်အရ ရှင်းနေတဲ့အချက်ကတော့ တိုင်းဒေသ ကြီးတွေနဲ့ ပြည်နယ်တွေမှာရှိတဲ့ လွှတ်တော်တွေဟာ သူတို့လွှတ်တော်တွေကနေတဆင့် သူတို့ စိတ်ကြိုက် ပြည်နယ်ဝန်ကြီးချုပ်တွေကို ရွေးချယ်တင်မြှောက်ခွင့်မရှိဘဲ နိုင်ငံတော် သမတကနေ တိုက်ရိုက်ရွေးချယ်သွားမယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။

ဒီအချက်ကို ကေအိုင်အိုက လက်မခံနိုင်ဘူးဆိုတာဟာ အင်မတန်မှ သဘာဝကျလှ ပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတုန်းက နိုင်ငံတော်ဝန်ကြီးချုပ်ကနေ ပြည်နယ် ဥက္ကဋ္ဌတွေကို တိုက်ရိုက်လှမ်းပြီး ခန့်ထားခွင့်ရခဲ့တဲ့အခြေအနေကို လက်မခံဘူးဆိုပေမယ့် အဲဒီတုန်းက အင်မတန်အားကောင်းခဲ့တဲ့ အချက်တခုရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတခုလုံးရဲ့ ကြောရိုးမှာ လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှုသဘောတရား ကို ကျင့်သုံးခဲ့တာပါပဲ။ လက်ရှိတာဝန်ထမ်းဆောင်နေဆဲ စစ်ဗိုလ်တွေကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ အညီ အုပ်ချုပ်ရေးမှာ ဝင်ရောက်တာဝန်ယူဖို့ ခွင့်မပြုခဲ့ပါဘူး။ ပြည်နယ်လွှတ်တော် တွေမှာလည်း လူထုကိုယ်စားလှယ်တွေက ပြည်နယ်ဥက္ကဋ္ဌတွေကို ထိမ်းကျောင်းနိုင်တဲ့ အနေ အထား ရှိခဲ့ပါတယ်။ အခုတော့ အဲဒီ အခြေအနေနဲ့ ပြောင်းပြန်ဖြစ်သွားခဲ့ပါပြီ။

ဘာ့ကြောင့်လဲ ဆိုတော့ နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေတခုလုံးရဲ့ ကြောရိုးမှာ စစ်ဘက် ဆိုင်ရာကနေ လူထုအပေါ် လွှမ်းမိုးတဲ့သဘောတရားကို ကျင့်သုံးထားလို့ ဖြစ်ပါတယ်။ တိုင်းဒေသ ကြီးနဲ့ ပြည်နယ်လွှတ်တော်တွေအားလုံးမှာ ကိုယ်စားလှယ်ဦးရေရဲ့ လေးပုံတစ်ပုံဟာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်စေလွှတ်တဲ့ စစ်ဗိုလ်တွေဖြစ်နေမှာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တွေထဲကနေ ပြည်နယ်ဝန်ကြီးချုပ်လောင်းအဖြစ် နိုင်ငံတော်သမတကနေ ရွေးချယ်မယ်ဆိုရင် ဘယ်သူ့ကိုရွေးချယ်မလဲ။ နိုင်ငံတော် သမတကိုယ် တိုင်က လက်ရှိစစ်ဗိုလ်ချုပ်ကြီးတစ်ဦးဦး ဒါမှမဟုတ် စစ်ဗိုလ်ချုပ်လူထွက်တစ်ဦးဦး ဖြစ်နေမှာ ကြောင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တွေထဲကနေ ပြည်နယ်ဝန်ကြီးချုပ်လောင်းတဦးကို ရွေးရမယ်ဆိုရင် စစ်ဗိုလ်တစ်ဦးဦးကိုသာ ရွေးချယ်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါတယ်။ ရိုးရိုး လူထုတွေထဲကနေ ပြည်နယ်လွှတ်တော်ထဲမှာ ရွေးချယ်တင်မြှောက်ခံရမယ်ဆိုရင်တောင်မှ ပြည်နယ်ဝန်ကြီးချုပ် ရာထူးနေရာရဖို့အတွက် လုံးဝမျှော်လင့်ချက်မရှိဘူး ဆိုတာတွေ ဖြစ်ပါတယ်။

နအဖရဲ့ ဖွဲ့စည်းပုံမှာ ပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ပိုပြီးဆိုးဝါးတဲ့ ပြဋ္ဌာန်းချက်ကို တွေ့ရှိရပါသေးတယ်။ အဲဒါကတော့ နိုင်ငံတော် သမတက အဆိုပြုတဲ့ ပြည်နယ်ဝန်ကြီးချုပ်လောင်းဟာ ပြည်နယ်ဝန်ကြီးချုပ် အရည်အချင်းနဲ့ မပြည့်စုံဘူးလို့ သက်သေပြနိုင်တဲ့ အခါကလွဲလို့ ပြည်နယ်လွှတ်တော်အနေနဲ့ သမတက အဆိုပြုတင်သွင်းသူကို ကန့်ကွက်ခွင့် မရှိဘူးဆိုတဲ့ အချက်ဖြစ်ပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်လောင်း အရည်အချင်းဆိုပြီး သတ်မှတ်ဖော်ပြထားတဲ့ အချက်အားလုံးနီးပါးဟာ လူတိုင်းလောက်မှာ ရှိနေကျအချက်တွေပါ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြင့် ရောက်နေကြမယ့် ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်စေလွှတ်မယ့် စစ်ဗိုလ်တွေထဲက ကြိုက်ရာတယောက် ဘယ်သူ့ကိုမဆို ခေါင်းခေါက်ရွေးပါစေဦး၊ ပြည်နယ်ဝန်ကြီးချုပ် အရည်အချင်းနဲ့ ပြည့်စုံတဲ့သူတွေချည်း ဖြစ်နေမှာပါပဲ။ အငြင်းပွားစရာ အချက်တခုတော့ ပါရှိတာကို တွေ့ရပါတယ်။ အဲဒါကတော့ **နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ** ဆိုတဲ့အချက်ပါ။ ပြည်နယ်ဝန်ကြီးချုပ်ဟာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမယ်လို့ ဆိုလိုတာပါ။

သာမန်အားဖြင့် ကြည့်မယ်ဆိုရင်တော့ ဟုတ်သလိုလိုပါပဲ။ ဒါပေမယ့် ဒါကို ဘယ်အချက်နဲ့ တိုင်းတာမလဲ။ ဥပဒေအရ ပြောရမယ်ဆိုရင် **နိုင်ငံတော်ကို သစ္စာဖောက်ပြီး အာဏာသိမ်းထားတဲ့ စစ်ခေါင်းဆောင်တွေအားလုံးဟာ** ဒီအချက်နဲ့ ငြိစွန်းနေကြသူတွေချည်းဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဘယ်သူမှ အုပ်ချုပ်ရေးတာဝန်ကို ယူခွင့်ရကြမှာမဟုတ်ပါဘူး။ နိုင်ငံတော်သမတက ပြည်နယ်ဝန်ကြီးချုပ်လောင်းကို ရွေးချယ်မယ့်သူဖြစ်တာကြောင့် အဲဒီပုဂ္ဂိုလ်ဟာ **နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်သစ္စာရှိသူ** ဟုတ် မဟုတ်ဆိုတာကို သက်သေပြရမှာက နိုင်ငံတော်သမတသာ ဖြစ်ရမှာပါ။ အခုတော့ အဲဒီလိုမဟုတ်ပါဘူး။ သမတက အဆိုပြုသူကို လက်မခံ ကန့်ကွက်လိုသူတွေက သက်သေပြရမယ်လို့ ဆိုပါတယ်။ ဘယ်လိုလုပ်ပြီးတော့ သက်သေပြနိုင်မှာပါလဲ။ အဲဒီလို သက်သေပြရမယ်ဆိုပြီး ပြဋ္ဌာန်းထားတာကိုက သမတက အဆိုပြုလိုက်တဲ့သူကို ကန့်ကွက်ခွင့် မရှိဘူးလို့ ပြောလိုက်တာနဲ့ အတူတူပါဘဲ။

နအဖရဲ့ ဖွဲ့စည်းပုံဟာ တိုင်းပြည်ရဲ့အရေးကြီးတဲ့ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စုအဆင့်မှာသာမက ပြည်နယ်အဆင့်တွေ အားလုံးမှာပါ စစ်ဗိုလ်တွေ လက်ထဲကို တရားဝင်ရောက်ရှိသွားအောင် စီမံဖန်တီး လုပ်ကြံထားတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကေအိုင်အိုအပါအဝင် အပစ်အခတ်ရပ်စဲရေးလုပ်ခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကြီးတွေအတော်များများက နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ဘူးရယ်လို့ အတိအလင်း ထုတ်ဖော်လာကြတာဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။

## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၆၆)
## တိုင်းရင်းသား အခွင့်အရေး နှင့် နအဖ ၏ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉)

နအဖရဲ့ အမျိုးသားညီလာခံ ကျင်းပခဲ့စဉ်တုန်းက ကချင်အမျိုးသားလွတ်မြောက်ရေး အဖွဲ့ (ကေအိုင်အို) က တင်သွင်းခဲ့တဲ့ အချက် (၁၉) ချက်ပါတဲ့ အကြံပြုချက်အနက် အုပ်ချုပ်ရေး ပိုင်းဆိုင်ရာနဲ့ ပတ်သက်တဲ့ အချက်တချို့ကို ယခင်အပတ်က ဆွေးနွေးခဲ့တယ်။ ယခုအပတ်မှာ ကေအိုင်အို အဆိုပြုခဲ့တဲ့ တပ်မတော်နဲ့ ပတ်သက်တဲ့အပိုင်းတွေကို ဆက်လက်တင်ပြပါမယ်။ အပစ်ရပ် အဖွဲ့အစည်းများ တည်ထောင်ထားသည့် လက်နက်ကိုင်တပ်ဖွဲ့များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ဖြစ်လာသည့်အချိန်တွင် သက်ဆိုင်ရာပြည်နယ်၏ လုံခြုံရေးတပ်ဖွဲ့များ အဖြစ်သို့ အသွင်ပြောင်းလဲစေရမည်။ အဆိုပါတပ်ဖွဲ့များသည် ပြည်ထောင်စု တပ်မတော်၏ အစိပ်အပိုင်းအဖြစ် တည်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိရမည်။

ကေအိုင်အိုက တင်သွင်းတဲ့ တပ်မတော်နဲ့ ပတ်သက်တဲ့ ဖွဲ့ စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အထက်ပါအဆိုပြုချက်မှာ အဓိကအားဖြင့် အချက်သုံးချက် ပါရှိတယ်။

(၁) အပစ်ရပ် အဖွဲ့အစည်းတွေ တည်ထောင်ထားတဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေဟာ ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များအဖြစ်ကို အသွင်ကူးပြောင်းသွားမယ်။

(၂) အဲဒီ တပ်ဖွဲ့တွေဟာ ပြည်ထောင်စုတပ်မတော်ရဲ့ အစိပ်အပိုင်းအဖြစ် ရပ်တည်သွားမယ်။

(၃) အဲဒီတပ်ဖွဲ့တွေကို ပြည်နယ်ဝန်ကြီးချုပ်ရဲ့ တိုက်ရိုက်ကွပ်ကဲမှုအောက်မှာ ထားရှိသွားမယ်။

ဒီနေရာမှာ လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့အစည်းတွေ အပစ်အခတ်ရပ်စဲရေး လုပ်ခဲ့တဲ့ နောက်ခံ အခြေအနေတချို့ကို ဆွေးနွေးဖို့လိုလာပါတယ်။ အတိအကျ ပြောရရင် ရှစ်လေးလုံး အရေးအခင်းကြီး ဖြစ်ပွားအပြီး နောက်တနှစ်အကြာ ၁၉၈၉ ခုနှစ်မှာ စတင်ခဲ့တာပါ။ တရုပ်ပြည်မှာ တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန် ဦးဆောင်ချမှတ်တဲ့ ငြိမ်းချမ်းရေးနဲ့ တိုးတက် ဖွံ့ဖြိုးရေးမူဝါဒက ဥက္ကဋ္ဌကြီး မော်စီတုန်းရဲ့ လူတန်းစားတိုက်ပွဲကို အဓိကထားရေး မူဝါဒအပေါ် အောင်ပွဲရသွားပြီး တရုပ်ပြည်မှာ ငြိမ်းချမ်းရေးနဲ့ တိုးတက်ဖွံ့ဖြိုးရေး မူဝါဒ အရှိန်ကောင်းလာခဲ့တဲ့ နှစ်ပိုင်းတွေလို့ ပြောရမှာပါ။ ကြောင်ဖြူတာ မဲတာက ပဓာန မဟုတ်ဘူး၊ ကြွက်သေဖို့က အရေးကြီးတယ်ဆိုတဲ့ တင်စားချက်က တရုပ်ပြည်မှာ ရေ့တန်းရောက်ခဲ့တဲ့ ကာလပါပဲ။ ဆိုလိုချင်တာက ဝါဒရေးရာတွေထက် တရုပ်အမျိုးသားတွေရဲ့ အကျိုးစီးပွားကို ထိထိရောက်ရောက် ဖေါ်ဆောင်နိုင်ဖို့က အရေးကြီးတယ်လို့ ဆိုလိုတာပါ။ ဒီမှာတင် လူတန်းစားတိုက်ပွဲကို အဓိကထားရေး မူဝါဒအပေါ်အခြေခံပြီး ဗမာပြည်ကွန်မြူနစ်ပါတီကို ပေးအပ်နေတဲ့ အကူအညီတွေ ရပ်ဆိုင်းသွားခဲ့ပါတယ်။ အဲဒါအပြင် မြန်မာနိုင်ငံအတွင်းမှာ ဖြစ်ပွားနေတဲ့ စစ်ပွဲတွေ ငြိမ်းအေးသွားရေး၊ မြန်မာနိုင်ငံကို တရုပ်ပြည်ရဲ့ဈေးကွက် အဖြစ်ပြောင်းလဲနိုင်ရေးဟာ တရုပ်ပြည်ရဲ့မူဝါဒ ဖြစ်သွားပါတော့တယ်။

ဒီလို နိုင်ငံရေးပထဝီ အခြေအနေနောက်ခံမှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုကို မူလကထဲက ဗမာတွေရဲ့ခေါင်းဆောင်မှုလို့မြင်တဲ့ ဝ တပ်မှူးတွလဲရှိ၊ ရှစ်လေးလုံးအပြီး ထွက်လာတဲ့ ကျောင်းသားတွေကို လက်နက်တသောင်း တပ်ဆင်ပေးဖို့ ဗကပ ခေါင်းဆောင်တွေရဲ့ ပြင်ဆင်မှုအပေါ် သံသယလဲရှိလာ အစရှိတဲ့ အချက်အလက်တွေ ပေါင်းစပ်ပြီး မကြေနပ်တဲ့ ဝ တပ်မှူးတွေ ဦးဆောင်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီကို အာဏာသိမ်းလိုက်တာ ဖြစ်ပါတယ်။ ဒီမှာတင် ဘက်နှစ်ဘက် အခြေအနေနှစ်ရပ် ပေါ်လာခဲ့တယ်။ တရပ်ကတော့ အာဏာသိမ်း ဝ တွေက ဝသပ ရယ်လို့ ဖွဲ့စည်းနိုင်ခဲ့ပေမယ့် အခက်အခဲတွေ ဆက်လက်ကြုံတွေ့ခဲ့ရတဲ့ အခြေအနေပါ။ တရပ်ပြည်ရဲ့ ကျောထောက်နောက်ခံ မရှိဘူးဆိုရင် ဝသပ အနေနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရှိတုန်းကလို နအဖကို စစ်ဆက်တိုက်ဖို့ မလွယ်တော့ပါဘူး။ ပိုပြီးဆိုးတာက ရိက္ခာနဲ့ ခဲယမ်းမီးကျောက် အပိုပစ္စည်းတွေရဖို့တောင် မဖြစ်နိုင်တော့တဲ့ကိစ္စပါ။

နောက်ထပ် အခြေအနေတရပ်ကတော့ ၁၉၈၈ ခုနှစ်မှာ အာဏာသိမ်းပြီး တက်လာတဲ့ နဝတ နဲ့ ဆိုင်ပါတယ်။ ရှစ်လေးလုံး အရေးတော်ပုံကြီးအပြီး သောင်းနဲ့ချီပြီး ထွက်လာခဲ့တဲ့ ကျောင်းသားတွေဟာ ကရင်အမျိုးသားအစည်းအရုံး ဗဟိုဌာနချုပ် အခြေစိုက်ရာ မာနယ်ပလော လွတ်မြောက်နယ်မြေကို အခြေပြုပြီး မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်ရယ်လို့ ဖွဲ့စည်းနိုင်ခဲ့တယ်။ အဲဒီကာလဟာ မာနယ်ပလော လွတ်မြောက်နယ်မြေနဲ့ မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်ရဲ့ နိုင်ငံရေးအလံ အမြင့်မားဆုံးလွှင့်ထူနိုင်တဲ့အချိန်၊ လွတ်မြောက်နယ်မြေကနေပြီး စစ်အာဏာရှင်စနစ်ကို ထိထိရောက်ရောက် ခြိမ်းခြောက်နိုင်ခဲ့တဲ့ အချိန်လို့ ပြောနိုင်ပါတယ်။

မြို့တော်ရန်ကုန်မှာ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရက်တစ် မဟာမိတ် အဖွဲ့ချုပ်ဟာ အားကောင်းကောင်းနဲ့ ရပ်တည်ပေါ်ပေါက်လာနေပြီ။ မာနယ်ပလော လွတ်မြောက်နယ်မြေမှာ မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် ဦးဆောင်တဲ့ နိုင်ငံရေး တပ်ပေါင်းစု အခိုင်အမာ ရှိလာနေပြီ။ တကယ်လို့သာ ဗမာပြည်ကွန်မြူနစ်ပါတီ ဦးဆောင် တည်ဆောက်ခဲ့တဲ့ လွတ်မြောက်ဒေသ ဆက်လက်တည်ရှိနေပြီး နအဖ တပ်တွေကို အင်နဲ့ အားနဲ့ ဆက်လက် တိုက်ပွဲဝင်နေနိုင်သေးရင် မြန်မာနိုင်ငံရဲ့ နိုင်ငံရေး အခြေအနေဟာ တမျိုးတမည် ပြောင်းသွားခဲ့နိုင်မှာ အမှန်ဖြစ်ပါတယ်။ ဒါကို ထိုစဉ်က နဝတ ထိပ်သီးစစ်ခေါင်းဆောင်တွေ ကောင်းကောင်းသိမြင်ရုံမက ဘေးကြပ် နံကြပ်ဆိုက်ခဲ့တဲ့ ကာလလည်းဖြစ်ခဲ့တယ်။ ဒီအခြေအနေကို ကျော်လွှားနိုင်ဖို့အတွက် နဝတ ဟာ ဥပဒေစိုးမိုးရေး အခြေခံကို လုံးဝဆန့်ကျင်၊ မြန်မာနိုင်ငံရေးသမိုင်းမှာလည်း ဘယ်တုန်းကမှ အစဉ်အလာမရှိခဲ့ပဲ ဝသပ နဲ့ နားလည်မှုယူပြီး အပစ်အခတ်ရပ်စဲရေး လုပ်ခွင့်ပေးလိုက်ပါတော့တယ်။

ဗမာပြည်ကွန်မြူနစ်ပါတီက မဆလ ခေတ်တုန်းက ပြည်တွင်းငြိမ်းချမ်းရေး၊ တွေ့ဆုံဆွေးနွေးရေးဖြစ်ဖို့ ဦးဆောင်တောင်းဆိုခဲ့တဲ့ အချက်သုံးချက် ရှိခဲ့တယ်။ အဲဒါတွေကတော့ ပါတီ၊ ပြည်သူ့တပ်မတော်နဲ့ လွတ်မြောက်ဒေသတို့ကို မဆလ က အသိအမှတ်ပြုရေး ဖြစ်ပါတယ်။ ထိုစဉ်တုန်းက အဲဒီအချက်တွေကို မဆလ က ငြင်းပယ်ခဲ့ပေမယ့် နဝတ စစ်ခေါင်း ဆောင်တွေကတော့ သူတို့အကြပ်အတည်းကို ယာယီ ကျော်လွှားနိုင်ဖို့အတွက် ဝသပ ကို အဲဒီ အချက်

သုံးချက်စလုံး လိုက်လျောခွင့်ပြုခဲ့တာပါ။ ဒီမှာတင် ၁၉၈၉ ခုနှစ်ကစလို့ ရှမ်းပြည် အရှေ့မြောက် ဒေသမှာ နအဖ ကို တိုက်နေတဲ့ ဝသပရဲ့ သေနတ်သံတွေ တိတ်ဆိတ်သွားခဲ့တယ်လို့ ပြောနိုင်ပါတယ်။ အဲဒီရဲ့ အကျိုးဆက်အနေနဲ့ နဝတဟာ ဝသပ ဒေသကိုပိုင်းရံချထားတဲ့ သူ့ရဲ့တပ်အင်အားတွေကို ထုတ်နုတ်စုစည်းပြီး ပအိုးဝ်၊ ပလောင်၊ ရှမ်းစတဲ့ အဖွဲ့တွေအပေါ် တဖက်က စစ်ရေးအရဖိအားပေး၊ အခြားတဘက်က ဝသပ ရဲ့ သာဓကကိုပြပြီး နိုင်ငံရေးအရ မြူဆွယ် နိုင်ခဲ့တာကြောင့် ရှမ်းပြည်က အဲဒီတိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်းတွေဟာ တဖွဲ့ပြီးတဖွဲ့ အပစ်အခတ်ရပ်စဲရေး လုပ်သွားခဲ့ကြတာဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ်မှာတော့ ကချင်လွတ်မြောက်ရေးအဖွဲ့ အပစ်အခတ် ရပ်စဲခဲ့တာပါ။

၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကို နိုင်ငံရေး ကစားနိုင်ခဲ့လို့ နဝတ၊ နအဖ သက်ဆိုးရှည်ခဲ့တယ်လို့ ပြောရင်မှားမယ် မထင်ပါဘူး။ အပစ်အခတ် ရပ်စဲရေးအဖွဲ့တွေကို လက်ညှိုးထိုးပြရင်း မြန်မာနိုင်ငံမှာ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့ပြီလို့ နအဖက အထူးသဖြင့် အာဆီယံနဲ့ အိမ်နီးခြင်းနိုင်ငံတွေမှာ အသံကုန်ဟစ်အော်ပြီး နိုင်ငံရေးအမြတ်ထုတ်ခဲ့ပါတော့တယ်။ ဒါပေမယ့် ပြည်တွင်းမှာတော့ အပစ်အခတ် ရပ်စဲရေးအဖွဲ့တွေက နိုင်ငံရေးအရ ဆွေးနွေးပါရစေလို့။ တောင်းဆိုတာကို လက်မခံပဲ နိုင်ငံရေး ကိစ္စတွေကို



အမျိုးသားညီလာခံမှာ ဆွေးနွေးကြပါဆိုပြီး (၁၅) နှစ် ကျော်ကြာ မလိမ့်တပတ် လုပ်လာခဲ့တယ်။ အပစ်ရပ် အဖွဲ့အစည်းတွေ တည်ထောင်ထားတဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေကို ပြည်နယ်လုံခြုံရေး တပ်ဖွဲ့များ အဖြစ်ကို အသွင်ကူးပြောင်းသွားရေးဆိုတဲ့ အချက်ကို အမျိုးသားညီလာခံမှာ ကေအိုင်အိုက အဆိုပြု တင်သွင်းခဲ့စဉ်အခါတုန်းက နအဖ က မသိချင်ယောင်ဆောင်နေခဲ့တယ်။ မူချမှတ်နိုင်တဲ့အထိ ကြေကြေလည်လည် ဆွေးနွေးခွင့်မပြုခဲ့ဘူး။ အမျိုးသားညီလာခံ ကျင်းပပြီးနောက်ပိုင်း ရေးဆွဲအတည်ပြုလိုက်တဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာလည်း ဘာတခုမှ ထည့်သွင်းပြဋ္ဌာန်းမပေးခဲ့ဘူး။

ဒီကိစ္စဟာ အခုအချိန်မှာ ပြဿနာကြီးတရပ် ဖြစ်လာခဲ့ပါပြီ။ နအဖကတော့ အပစ်ရပ်အဖွဲ့တွေကို ဆက်ပြီးလှည့်ဖြားဦးမှာပါ။ ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်း အစိုးရသစ်တက်လာတဲ့အခါ ဥပဒေသစ်တွေ ပြဋ္ဌာန်းပေးပြီး ကြည့်လုပ်ပေးပါမယ်ရယ်လို့ ချော့မော့နှစ်သိမ့်ဖို့ ကြိုးစားနေပြန်ပါတယ်။ ဒီတချီမှာတော့ အပစ်ရပ်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကြီးတွေကို လှည့်စားလို့ရမယ် မထင်တော့ပါဘူး။ ၁၉၈၉ ခုနှစ်က စပြီးရေတွက်ရင် နှစ် နှစ်ဆယ်နီးပါးကြာ နအဖ နဲ့ ဆက်ဆံခဲ့တဲ့ အတွေ့အကြုံက သူတို့ကိုသင်ပေးခဲ့ပြီလို့ ဆိုနိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်မရှိဘဲ စစ်ခေါင်းဆောင်တွေရဲ့ နှုတ်ကတိအပေါ် ယုံကြည်ကိုးစားလို့မရဘူးဆိုတာ လက်တွေ့ပြခဲ့ပြီ မဟုတ်ပါလား။ စစ်ခေါင်းဆောင် ထိပ်သီးတွေကိုယ်တိုင် သဓိၤရသဘောနဲ့ တယောက်ပြီးတယောက်ရွေလျော့ သွားကြတာကိုလည်း တွေ့မြင်နေကြရတာကိုး။

တကယ်တော့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကို တိုင်းပြည်မှာဘယ်လို နေရာချထားသင့်တယ်ဆိုတာဟာ ကြီးမားတဲ့ပြဿနာ ဖြစ်ပါတယ်။ စစ်ရေးကိစ္စတွေကို စိတ်ဝင်စားသည်ဖြစ်စေ မဝင်စားသည်ဖြစ်စေ အပစ်ရပ်အဖွဲ့အစည်းတွေကို စိတ်ဝင်စားသည်ဖြစ်စေ၊ မဝင်စားသည်ဖြစ်စေ ပြည်သူလူထုကြီး တရပ်လုံးအနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေကို ပြည်ထောင်စုတပ်မတော်ရဲ့ အစိပ်အပိုင်းအဖြစ် ဘယ်လိုထည့်သွင်းသင့်တယ်ဆိုတာကို စဉ်းစားကြဖို့၊ လေ့လာဆွေးနွေးကြဖို့၊ အဖြေရှာကြဖို့ အချိန်ရောက်ပါပြီ။ အချက်နှစ်ချက်ကြောင့် ဖြစ်ပါတယ်။

ပထမ အချက်ကတော့ တပ်မတော်ကို တသွေး၊ တသံ၊ တမိန့်နဲ့ ကာကွယ်ရေးဦးစီးချုပ် တယောက်ထဲရဲ့ တင်းကြပ်တဲ့ ဗဟိုချုပ်ကိုင်မှုတခုတည်းအောက်မှာ ထားရှိခြင်းဟာ တိုင်းပြည်နဲ့ လူထုအတွက်သာမက တပ်မတော်သားတွေ ကိုယ်တိုင်အတွက်ပါ အကျိုးမရှိဘူးဆိုတာကို ၁၉၆၂ ခုနှစ်က စတင်ခဲ့ပြီး ယခုအချိန်အထိ နှစ်ပေါင်း ငါးဆယ်နီးပါးကြာ သမိုင်းကသက်သေပြခဲ့ပါပြီ။ နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရဆိုရင် တပ်မတော် သာမက တိုင်းပြည်မှာရှိတဲ့ လက်နက်ကိုင် အဖွဲ့အစည်းမှန်သမျှဟာ ကာကွယ်ရေးဦးစီးချုပ် တဦးတည်းရဲ့ အမိန့်နာခံမှုအောက်မှာရှိရတော့မှာ ဖြစ်တာကြောင့် ပိုလို့တောင် အကျိုးမရှိနိုင်ဘူးဆိုတာ ရှင်းနေပါတယ်။

ဒုတိယ အချက်ကတော့ မြန်မာနိုင်ငံမှာ တက်ခဲ့တဲ့ အစိုးရအဆက်ဆက်ဟာ ၁၉၄၉ ခုနှစ်ကစပြီး တိုက်ပွဲဆင်နွှဲလာခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေကို တိုက်လို့ မနိုင်ခဲ့ပါဘူး။ စစ်ရေးအရ တက်ခဲ့တဲ့အခါရှိတယ်။ ကျသွားတဲ့အခါရှိတယ်။ လက်နက်နဲ့ ငြိမ်းချမ်းရေး လဲလှယ်တယ်ဆိုတဲ့ နိုင်ငံရေးမျက်လှည့်ပွဲအောက်မှာ လက်နက်ချခဲ့တာတွေရှိသလို ပြန်လည်ကိုင်စွဲပြီး တိုက်ပွဲဝင်ခဲ့တာတွေလည်း ရှိတယ်။ အပစ်အခတ် ရပ်စဲသွားခဲ့တဲ့ အဖွဲ့တွေရှိသလို ပြန်တိုက်နေဆဲဖြစ်တဲ့ အဖွဲ့တွေလည်း ရှိတယ်။ ဟော အခုတခါ အပစ်ရပ် အဖွဲ့အစည်းကြီးတွေက လိုအပ်လျှင် ပြန်တိုက်မယ်ဆိုတဲ့ စစ်စည် စစ်မောင်းသံတွေ ပေးလာပြန်ပါပြီ။ ဒါဟာ မိမိတို့နိုင်ငံရဲ့ လက်တွေ့ဖြစ်လာပါတယ်။ ငြိမ်းချမ်းမှု၊ လွတ်လပ်မှု၊ တရားမျှတမှုနဲ့ တိုးတက်ဖွံ့ဖြိုးမှုတွေကို လိုလားမြတ်နိုးတဲ့ ပြည်ထောင်စုသား မှန်သမျှ ဥပက္ခာပြုထားလို့မရတဲ့ သေရေး ရှင်ရေးကိစ္စ ဖြစ်လာပါတယ်။

ဒါတွေဟာ ရှောင်တခင်ဖြစ်တဲ့ ကိစ္စတွေ မဟုတ်ပါဘူး။ အရင်းခံနိုင်ငံရေးပြဿနာကတော့ ပြည်ထောင်စု အတုအယောင်ဖန်တီးပြီး စစ်အာဏာရှင်စနစ်ကို အသက်သွင်းဖို့ စစ်အုပ်စုထိပ်သီးတစုက ကြိုးစားနေလို့ပဲ ဖြစ်ပါတယ်။ စစ်မှန်တဲ့ ပြည်ထောင်စု တည်ဆောက်နိုင်ဘို့၊ လူထုအစိုးရရဲ့ အုပ်ချုပ်ကွပ်ကဲမှုအောက်မှာ တိုင်းပြည်ကို ပြည်ပအန္တရာယ်ကနေ ကာကွယ်ရေးတာဝန်ကိုသာ ထမ်းဆောင်မယ့် ပြည်ထောင်စု တပ်မတော်တရပ် ပေါ်ပေါက်လာဖို့ တို့သည်သာလျှင် ပြဿနာရဲ့အဖြေ ဖြစ်ပါလိမ့်မယ်။ ဒီအခြေခံတွေကို ငြင်းပယ်ထားတဲ့ နအဖရဲ့ ၂၀၀၈ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အဲဒီအပေါ် အခြေခံတဲ့ ၂၀၁၀ ရွေးကောက်ပွဲတို့ကို ဆန့်ကျင်တိုက်ပွဲဝင်သွားရန်သာ ရှိတဲ့အကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။

ဥပဒေစိုးမိုးရေး

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
*PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910*
*E-mail : blcsan@ksc.th.com; Website : www. blc-burma.org*

# အကြမ်းဖက်ဖောက်ခွဲမှုများနှင့် ပတ်သက်၍ အခြေအမြစ်မရှိသည့် စွပ်စွဲချက်များအပေါ် မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ ထုတ်ပြန်ကြေညာချက်

၁။ နအဖစစ်အစိုးရ၏ ပြည်ထဲရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖောက်ခွဲမှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် တစုံတရာ ပတ်သက်မှုရှိကြောင်း ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၇) ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့ခြင်းသည် လုံးဝ အခြေအမြစ်မရှိသည့်အပြင်၊ တမင်လုပ်ကြံ စွပ်စွဲချက်ဖြစ်သဖြင့် ပြင်းထန်စွာ ရှုတ်ချသည်။

၂။ နအဖ၏ အထက်ဖော်ပြပါ လုပ်ကြံစွပ်စွဲချက်၌ ဖော်ပြထားသည့် ဖောက်ခွဲရေး လုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်ဆိုသော ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သည့်အကြောင်းကိစ္စ တစုံတရာနှင့်မျှ ဆက်နွယ်ပတ်သက်ခဲ့ခြင်း အလျှဉ်းမရှိပါ။

၃။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် စတင်ဖွဲ့စည်းခဲ့သည့်အချိန်မှစ၍ ယနေ့အချိန်ထိ (၁၅) နှစ်ကျော် ဖြတ်သန်းခဲ့သည့်ကာလအတွင်း မည်သည့်အကြမ်းဖက်လုပ်ငန်း တစုံတရာကိုမျှ ပါဝင်ပတ်သက်လုပ်ဆောင်ခဲ့ခြင်း အလျှဉ်းမရှိခဲ့သည့်အပြင်၊ နောင် အနာဂတ်ကာလတွင်လည်း အကြမ်းဖက်လုပ်ငန်းများတွင် ပါဝင်၊ ပတ်သက်၊ လုပ်ဆောင်ရန်လည်း အကြောင်းကိစ္စ (လုံးဝ) မရှိပါ။

၄။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပွားခဲ့သော စစ်အစိုးရ၏ လက်ရဲဇက်ရဲဖြင့် ပြည်သူလူထုအပေါ်တွင် ညှဉ်းပမ်းနှိပ်စက် သတ်ဖြတ်ခဲ့သည့် အမှုအခင်း၊ ပြစ်မှုကြီးများနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ခဲ့ကြသူများအား နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး (International Criminal Court) သို့ တရားစွဲဆို တင်ပို့နိုင်ရန်အတွက် နိုင်ငံတကာရှိ ဥပဒေ၊ တရားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းကြီးများနှင့် အတူတကွ ပူးပေါင်းဆက်သွယ်ဆောင်ရွက်နေသော အဖွဲ့အစည်းတခု ဖြစ်ပါသည်။

၅။ ထို့ပြင် မြန်မာနိုင်ငံရှေ့နေများကောင်စီအနေဖြင့် နအဖ စစ်အစိုးရလက်အောက်၌ ကျင်းပပြုလုပ်မည့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲသည် စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်

စေမည့် နအဖ၏ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော် အသက်သွင်းပေးရန်ဖြစ်သည့်အပြင်၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်လည်း မည်သည့်အလားအလာ တစုံတရာကိုမျှ မတွေ့မမြင်ရသည့်အတွက် ယခုလက်ရှိ အနေအထားမျိုးဖြင့် ကျင်းပပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲအား ပြည်သူလူထုက ဆန့်ကျင်ကန့်ကွက်သင့်ကြောင်း ဖွဲ့စည်းပုံအခြေခံနှင့် ဥပဒေရေးဆိုင်ရာ သုံးသပ်ချက်များကို တရားဝင် ထုတ်ပြန်ကြေညာထားသည့် အဖွဲ့အစည်းတခုလည်း ဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ လုပ်ဆောင်ချက်များသည် အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့်သော်လည်းကောင်း၊ တည်ဆဲဥပဒေများနှင့်သော်လည်းကောင်း ကိုက်ညီ၍ ပြည်သူလူထု၏ အကျိုးစီးပွားအတွက် တရားနည်းလမ်းတကျ လုပ်ကိုင်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ နအဖ စစ်အစိုးရသည် မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ စွမ်းဆောင်ချက်များ၊ ကြိုးပမ်းချက်များအား ထိခိုက်နစ်နာ ပျက်စီးစေရန်အတွက် “အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေး” များနှင့် ပတ်သက်ကြောင်း စွပ်စွဲချက်သည် အခြေအမြစ်လုံးဝမရှိသည့်အပြင် ပြည်တွင်း ပြည်ပရှိ ပြည်သူလူထုအား ထင်ရောင်ထင်မှားဖြစ်စေရန် တမင်ကြံရွယ် လှည့်စားသည့် နအဖ ပြည်ထဲရေးဝန်ကြီးဌာန၏ အရှက်သိက္ခာကင်းမဲ့သော လုပ်ဆောင်ချက်တခုမျှသာဖြစ်ကြောင်း၊ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ – ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ (၂၉) ရက်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

*PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910*
*E-mail : blcsan@ksc.th.com; Website : www. blc-burma.org*

# နအဖ စစ်အစိုးရ၏ အုပ်ချုပ်မှုအောက်၌ တနေ့တခြားတိုးပွားလာသည့် တပ်ပြေး ပြဿနာများအပေါ် ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် နအဖ စစ်အစိုးရ၏ အုပ်ချုပ်မှုအောက်၌ တနေ့တခြား တိုးပွားလာနေသည့် တပ်ပြေးပြဿနာများအတွက် "တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်" တွင် အဓိကတာဝန်ရှိကြောင်း အောက်ပါအတိုင်း သုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

၂။ တပ်မတော်သားများ၏ စားဝတ်နေရေး ပြည့်စုံခြင်းမရှိသဖြင့် နအဖ စစ်တပ်တွင် ဆန္ဒပြမှုနှင့် စပ်လျဉ်း၍လည်း ဥပဒေကြောင်းအရ သုံးသပ်ချက်ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ (၂၄) ရက်နေ့တွင် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၃။ ဝ မြောက်ဒေသအနီး ဟိုပန်မြို့နယ်အတွင်း တပ်စွဲလျက်ရှိသော မိတ္ထီလာအခြေစိုက် တပ်မ (၉၉) လက်အောက်ခံတပ်များတွင်လည်း တပ်ပြေးများ တနေ့တခြား များပြားလာကြောင်း၊ တပ်ပြေးများထဲတွင် အရာရှိများ ကိုယ်တိုင်ပါဝင်ကြောင်း၊ ထို့ပြင် (၁၅၊ ၁၊ ၂၀၁၀) ရက်နေ့တွင် ခမရ (၃၁၅) မှ တပ်ပြေးအဖြစ် သတ်မှတ်ခံရသော တပ်သား အောင်မြင့်ထွန်းနှင့် ထွန်းထွန်းနိုင်တို့ကို ပြန်လည်ဖမ်းဆီးရမိပြီးနောက်ပိုင်း ပစ်သတ်ခဲ့ကြောင်း သိရှိရသည်။

၄။ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့အခြေစိုက် အမှတ် ၃၀၂ အမြောက်တပ်မှ အသက် (၂၃) နှစ်အရွယ် အရာရှိ ဗိုလ်ရဲထက် သည် ၂၀၁၀ ခုနှစ် ဇန်နဝါရီလအတွင်း၌ ၎င်းတာဝန်ကျ ဒေသမှ ထိုင်း–မြန်မာနယ်စပ်သို့ ထွက်ပြေးလာကြောင်း သိရှိရသည်။

၅။ နအဖ စစ်တပ်အတွင်းမှ "အရာခံ၊ တပ်ကြပ်၊ တပ်သား စစ်သည်တို့သည် စားဝတ်နေရေးကြပ်တည်းခြင်း၊ လုပ်ခ လစာ မလောက်ခြင်း၊ နအဖ ၏ ပြည်သူလူထုကို ဖိနှိပ်သည့် မူဝါဒများကို လိုက်ပါလုပ်ဆောင် အကောင်အထည်ဖော်ပေးရခြင်း၊ အငြိမ်းစားလစာနှင့် ဆုကြေးတို့သည် ဘဝဇရာပိုင်းအတွက် အာမခံချက်မပေးနိုင်ခြင်း" အကြောင်းအချက်ပေါင်း များစွာကြောင့်၊ စစ်တပ်မှ နှုတ်ထွက်ခွင့်တင်ကြသော်လည်း ထွက်ခွင့်မရကြကြောင်း ထို့ကြောင့် တပ်ပြေးများ တနေ့တခြား တိုးပွားလာခြင်းဖြစ်ကြောင်း သိရှိရသည်။

## ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

၁။ မည်သည့် မြန်မာနိုင်ငံသား (ယောက်ျား) မဆို တပ်မတော်တွင် တာဝန်ထမ်းဆောင်လိုပါက ၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေ ပုဒ်မ ၁၂ စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေးအရာရှိ မျက်မှောက်တွင်လိုက်နာရမည့် နည်းလမ်းကို စနစ်တကျခံယူလျက်၊ ပုဒ်မ ၁၃ အရ စစ်မှုထမ်းအဖြစ် စာရင်းရေးသွင်းရေးအရာရှိက ကျေနပ်လျှင် စစ်မှုထမ်းအဖြစ် စာရင်းရေးသွင်းရန် ပုံစံကိုဖြည့်စွက်၍ ၎င်းအရာရှိနှင့် စစ်မှုထမ်းဆောင်လိုသူ နှစ်ဦးစလုံး လက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်း ပုဒ်မ ၁၄ အရ စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းခိုင်လုံမှုကို ရရှိပြီးဖြစ်သည်။

၂။ တပ်မတော်သားတို့၏ စစ်မှုထမ်းသက်နှင့် နုတ်ထွက်ခွင့်ပြုခြင်းဆိုင်ရာ ဥပဒေများကို ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေ ပုဒ်မ ၂၀ တွင် –

"ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးအား သတ်မှတ်ထားသည့် အာဏာပိုင်က သတ်မှတ်ထားသည့် နည်းလမ်းအရ စစ်မှုထမ်းခြင်းမှ အငြိမ်းစားယူခွင့် သို့တည်းမဟုတ် ထွက်ခွင့်ပေးခြင်းကို ပုဒ်မ ၂၁ ပြဋ္ဌာန်းချက်အရ –

(က) ထိုသူ၏ စစ်မှုထမ်းခြင်းကို ရပ်စဲသောအခွင့်အာဏာ။

( ခ ) ထိုသို့ ရပ်စဲခြင်း၏ အကြောင်းအရင်း။

( ဂ ) တပ်မတော်တွင် ထိုသူ၏ စစ်မှုထမ်းခဲ့သည့်အချိန်ကာလ။

စသည်တို့ ဖော်ပြထားသည့် နုတ်ထွက်ခွင့်လက်မှတ်ကို ထိုသူ၏ တပ်မှူးက ပေးအပ်ရမည်ဟူ၍ အတိအလင်း ပြဋ္ဌာန်းထားပါသည်။

၃။ ထို့ပြင် ကာကွယ်ရေးကောင်စီ ညွှန်ကြားလွှာအမှတ် ၆/၇၄၊ တပ်မတော်အငြိမ်းစားလစာနှင့် ဆုကြေး စည်းမျဉ်းဥပဒေတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

အခန်း(၂)၊ စစ်မှုထမ်းသက်၊ အငြိမ်းစားလစာနှင့် စစ်မှုထမ်းသက်ဆုကြေး ခေါင်းစဉ်အောက်ရှိ အငြိမ်းစားယူခွင့် ပြုခြင်းဆိုင်ရာ ပုဒ်မ ၂၁ က (၁) "အငြိမ်းစား လစာနှင့် ဆုကြေးအတွက် ရေတွက်ခွင့်ရှိသော စစ်မှုထမ်းသက်နှစ်ပေါင်း ၂၀ ပြည့်သည့်နောက် မည်သည့်အချိန်တွင်မဆို အရာရှိတဦးအား အငြိမ်းစားယူခွင့်ပြုနိုင်သည်။" ဟူ၍လည်းကောင်း၊

ပုဒ်မ ၂၁ (ခ) အငြိမ်းစားလစာနှင့် ဆုကြေးအတွက် ရေတွက်ခွင့်ရှိသော စစ်မှုထမ်းသက် (၁၀) နှစ်ပြည့်ပြီးနောက် မည်သည့်အချိန်တွင်မဆို စစ်သည်တဦးအား အငြိမ်းစားယူခွင့် ပြုနိုင်သည်" ဟူ၍လည်းကောင်း အတိအလင်း ပြဋ္ဌာန်းထားသည်။

၄။ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအရ အရာရှိဖြစ်လျှင် လုပ်သက် (၂၀) ပြည့်ပြီးသည့် အချိန်မှစတင်ကာ နုတ်ထွက်ရန်တင်ပြလာပါက အငြိမ်းစား လစာနှင့် ဆုကြေးတို့ပေးအပ်၍ အငြိမ်းစားယူခွင့် ပေးရမည်ဖြစ်ပြီး တပ်သားဖြစ်ပါက လုပ်သက် (၁၀)နှစ် ပြည့်ပြီးသည့် အချိန်မှစတင်ကာ နုတ်ထွက်ရန်တင်ပြလာပါက အငြိမ်းစားလစာနှင့် ဆုကြေးတို့ကို ပေးအပ်၍ နုတ်ထွက်ခွင့် ပေးရမည်ဖြစ်ပါသည်။

၅။ ဥပဒေအရ နုတ်ထွက်ခွင့်လည်းရှိ၍ နုတ်ထွက်ခွင့်တင်ပြထားပြီးလည်းဖြစ်သော မည်သည့် တပ်မတော်သားကိုမဆို နုတ်ထွက်ခွင့်မပေးပဲ ဆက်လက်တာဝန် ထမ်းဆောင်စေပါက "မိမိအလိုဆန္ဒနှင့် ဆန့်ကျင်သော အဓမ္မစေခိုင်းမှုကို ကျူးလွန်ခြင်း" ပင်ဖြစ်သည်။

၆။ ထို့ပြင် ပြန်လည်ဖမ်းဆီးရမိသည့် မည်သည့်တပ်ပြေးကိုမဆို တရားနည်းလမ်းကျစွာ စစ်ဆေးခြင်းမရှိဘဲ ပစ်သတ်ခွင့်မရှိပါ။ ပစ်သတ်ပါက ပြစ်မှုဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်အရ လူသတ်မှု ကျူးလွန်ခြင်းဖြစ်သည်။

၇။ အထက်ဖော်ပြပါ " မိမိအလိုဆန္ဒနှင့် ဆန့်ကျင်သော အဓမ္မစေခိုင်းမှု ကျူးလွန်ခြင်း" နှင့် ပြန်လည်ဖမ်းဆီးရမိသည့် တပ်ပြေးနှစ်ဦးကို ပစ်သတ်ခဲ့သည့်အတွက် "ကာကွယ်ရေးဦးစီးချုပ်" တွင် အဓိကတာဝန်ရှိကြောင်း ဥပဒေရေးရာ သုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ – ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်။

**အသေးစိတ်သိရှိလိုပါလျှင်**

ဦးမျိုး
တာဝန်ခံ
ဥပဒေရေးရာ သုံးသပ်ရေးဌာန
ဖုန်း – ၀၈၆ ၂၁၆၀ ၁၀၈

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
*PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910*
*E-mail : blcsan@ksc.th.com; Website : www. blc-burma.org*

# ညှဉ်းပန်းနှိပ်စက်မှုများကျူးလွန်၍ ဖြောင့်ချက်ရယူခြင်းသည် ပြစ်မှုကျူးလွန်ခြင်း ဖြစ်ကြောင်း ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

၁။ အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားသူ ဦးကျော်ဇောလွင် (ခ) ဦးညီညီအောင်ကို ၂၀၀၉ ခုနှစ် စက်တင်ဘာလ (၃) ရက်နေ့တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖမ်းဆီးပြီးနောက်ပိုင်း စစ်ကြောရေးတွင် တာဝန်ရှိသူများမှ အိပ်စက်အနားယူခွင့် မပေးခြင်း၊ (၇) ရက်တိုင်တိုင် အစာမကျွေးခြင်း၊ ကန်ကျောက်နှိပ်စက်ခြင်း စသည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်[၁]။

၂။ ၂၀၀၉ ခုနှစ် စက်တင်ဘာလ (၁၆) ရက်နေ့တွင် မန္တလေးတိုင်း မြင်းခြံမြို့၌ နေထိုင်ကြသော ဦးနန္ဒဝံသ၊ ဒေါက်တာဝင့်သူ၊ ကိုမျိုးဟန်၊ ကိုကြည်စိုး၊ စိုးရာဇာဖြိုး၊ လှမျိုးကျော်၊ ကိုကိုနိုင်၊ သန်းထိုက်အောင်၊ ဝေဖြိုး စသူတို့အား လည်းကောင်း၊ ညောင်ဦးမြို့၌ နေထိုင်ကြသော မျိုးမင်းသန်း၊ ကျော်ထွန်းလင်း၊ ရဲခေါင်၊ ချိုချိုသန်း၊ ဦးဇောတိက၊ လင်းအောင်သက် စသူတို့အားလည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ခံဝန်ထမ်းများက ဖမ်းဆီးခဲ့ကြောင်း သိရှိရသည်။

၃။ ဖမ်းဆီးပြီး နောက်ပိုင်းတွင် အိပ်စက်အနားယူခွင့် မပေးဘဲ လေးရက်ဆက်တိုက် မတ်တပ်ရပ်ခိုင်း၍ စစ်ဆေး မေးမြန်းခြင်း၊ ချွန်ထက်သည့် ကျောက်စရစ်ခဲများပေါ်တွင် ဒူးထောက်ထိုင်စေပြီး အပေါ်မှ လူတက်ဖိ၍ စစ်ဆေးမေး မြန်းခြင်း၊ မျဉ်းလုံးဖြင့် ရိုက်နှက်ခြင်း၊ ရေနှင့် အစားအသောက် ကျွေးမွေးမှုမရှိခြင်း၊ ဖမ်းဆီးချုပ်နှောင်ထားသည့် အခန်းတွင်းသို့ ရဲများဝင်ရောက် သေးပေါက်ခြင်း၊ ခြေဖျားထောက်ခိုင်း၍ ခြေဖနောင့်အောက်၌ ချွန်ထက်သည့်အရာ ထားရှိ၍ စစ်ဆေးမေးမြန်းခြင်း စသည်တို့အပြင် အခြားလူမဆန်သည့် နည်းလမ်းပေါင်းစုံဖြင့် စစ်ဆေးမေးမြန်း ဖြောင့်ချက်ရယူခဲ့ကြောင်း သိရှိရသည်[၂]။

၄။ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်မှ အရှင်အဇ္ဇ (ခ) ဦးပဥ္စင်း ဇော်လတ်ကိုလည်း ကွန်ပျူတာနှင့် ကင်မရာတစ်လုံး ကိုင်ဆောင်သုံးစွဲသည်ဟူသော အကြောင်းပြချက်ဖြင့် သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့မှဖမ်းဆီး၍ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခဲ့သည့်အတွက် မော်လမြိုင်ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံနေရကြောင်း သိရှိရသည်[၃]။

၅။ ထိုသို့ ညှဉ်းပန်းနှိပ်စက်ကြသူများမှာ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ခံ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဒုရဲအုပ်နှင့် ဒုရဲအုပ်အထက် အဆင့်ရှိ ရဲအရာရှိများကိုယ်တိုင်ဖြစ်ကြောင်း သိရှိရသည်။

## ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

၁။ ဖမ်းဆီးခံရသူ တစ်စုံတစ်ယောက်အား မည်သည့်အကြောင်းပြချက်နှင့်မျှ နှိပ်စက်ခွင့် မရှိချေ။ ဖမ်းဆီးပြီးနောက်ပိုင်း စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်သည်ဆိုခြင်းမှာ ပြစ်မှုကျူးလွန်ခြင်းပင် ဖြစ်သည်။

## ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၀ ပြဋ္ဌာန်းချက်တွင်

“ခြောက်လှန့်၍ ဖြောင့်ချက်ရယူရန် ဖြစ်စေ၊ ပစ္စည်းကိုပြန်ပေးအောင် အတင်းအဓမ္မ ပြုလုပ်ရန် ဖြစ်စေ၊ မိမိအလိုအလျောက် နာကျင်စေမှုကိုပြုသူ မည်သူကိုမဆို (၇) နှစ် ထောင်ဒဏ် တမျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်” ဟုလည်းကောင်း၊

## ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ ပြဋ္ဌာန်းချက်တွင်

“ခြောက်လှန့်၍ ဖြောင့်ချက်ရယူရန် ဖြစ်စေ၊ ပစ္စည်းကိုပြန်ပေးအောင် အတင်းအဓမ္မ ပြုရန် ဖြစ်စေ၊ မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှုကိုပြုသူ မည်သူကိုမဆို (၁၀) နှစ်ထိ ထောင်ဒဏ်တမျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်” ဟုလည်းကောင်း အတိအလင်း ပြဋ္ဌာန်းထားပါသည်။

၂။ ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေ ပုဒ်မ ၁၆ အရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမှုထမ်းများသည် ပြစ်မှုကျင့်ထုံးဥပဒေ၊ ရဲအက်ဥပဒေနှင့် အထူးဥပဒေများအရ ရဲတပ်ဖွဲ့ အမှုထမ်းအဖြစ်ဖြင့် တိကျစွာ ထုတ်ဖော်အပ်နှင်းသည့် အခွင့်အာဏာများကိုသာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ မြန်မာနိုင်ငံ၌ ပြဋ္ဌာန်းထားသော မည်သည့်ဥပဒေကမှ မြန်မာနိုင်ငံ့ရဲတပ်ဖွဲ့ကို ဖမ်းဆီးပြီး နောက်ပိုင်း ညှဉ်းပန်းနှိပ်စက်၍ ဖြောင့်ချက်ရယူခွင့် ရှိသည်ဟူ၍ အာဏာအပ်နှင်းထားခြင်း မရှိပါ။

၃။ ထို့ပြင် နအဖ ဥက္ကဋ္ဌနှင့်တကွ မည်သည့်အစိုးရအဖွဲ့ဝင် တဦးတယောက်ကမှ ဖမ်းဆီးခံရသူများကို ညှဉ်းပန်းနှိပ်စက်စေရန် အမိန့်ပေးပိုင်ခွင့်ရှိကြောင်းကိုလည်း မြန်မာနိုင်ငံရှိ မည်သည့် ဥပဒေကမှ အာဏာအပ်နှင်းထားခြင်း မရှိပါ။

၄။ အထက်ဖော်ပြပါ ဖမ်းဆီးခံရသူများကို ညှဉ်းပန်းနှိပ်စက်သည်မှာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များဖြစ်သောကြောင့် မြန်မာနိုင်ငံ ရဲချုပ်နှင့်တကွ ပြည်ထဲရေးဝန်ကြီးတွင် လုံးဝ တာဝန်ကျ ရောက်လျက်ရှိပါသဖြင့် အမှုမှန်ပေါ်ပေါက်ရေးနှင့် တာဝန်ရှိသူများအား ထိရောက်စွာ အပြစ်ပေး နိုင်ရေးတို့အတွက် စုံစမ်းစစ်ဆေးသင့်ပါသည်။

၅။ မြန်မာနိုင်ငံရှေ့နေများကောင်စီ အနေဖြင့် အထက်ဖော်ပြပါ ညှဉ်းပန်းနှိပ်စက်မှုများ အား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကျူးလွန်သည့် လူမဆန်သည့် ညှဉ်းပန်းနှိပ်စက်မှုများ၊ ဆိုးဝါး ပြင်းထန်

သော လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်သည့်အတွက် ကြီးလေးသောပြစ်မှုအဖြစ် မှတ်တမ်းထားရှိပါကြောင်းကို ဥပဒေရေးရာသုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

(Footnotes)

[၁] အေးလဲ့၊ ဧရာဝတီ၊ စက်တင်ဘာလ ၈ ရက် ၂၀၀၉ ခုနှစ်

[၂] RFA ၇–၁–၂၀၁၀

[၃] ကွန်းအိမ်၊ ၁၀၊ ၁၊ ၂၀၁၀

# နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးနှင့် မြန်မာ့ရေးရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ညီလာခံကို တင်သွင်းတဲ့အစီရင်ခံစာနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးနှင့် အာအက်ဖ်အေမှ ကိုကျော်ကျော်အောင် တွေ့ဆုံမေးမြန်းခန်း

**အာအက်ဖ်အေ**

မြန်မာနိုင်ငံလူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကင်တားနား ဂျီနီဗာမြို့က လူ့အခွင့်အရေးကောင်စီကို တင်ပြတဲ့ အစီရင်ခံစာထဲမှာ အဓိကထူးခြားချက်အနေနဲ့ ဘယ်လို အချက်တွေနဲ့ တွေ့ရပါသလဲခင်ဗျ။

**ဦးအောင်ထူး**

မစ္စတာကင်တားနားက လူ့အခွင့်အရေးကောင်စီမှာ မတ်လ ၅ ရက်နေ့မှာ တင်သွင်းတဲ့ အစီရင်ခံစာမှာ ထူးခြားတဲ့ အပိုဒ် ၂ ခုကို ပါတယ်။ အပိုဒ် ၁၂၁ က ဘာလဲဆိုတော့ မြန်မာနိုင်ငံ ထဲမှာ လူ့အခွင့်အရေး ချိုးဖေါက်မှုဖြစ်ပွားနေတာဟာ အာဏာပိုင်တွေကနေပြီးတော့ အုပ်ချုပ် ရေးနှင့် တရားစီရင်ရေး နယ်ပယ်အသီးသီးထဲမှာ ပါဝင်ပတ်သက်ပြီးတော့ တိုင်းပြည်အနေနဲ့ကို ကျူးလွန်ဖို့ မူဝါဒ ချမှတ်ဆောင်ရွက်ခြင်းရဲ့ ရလဒ်ဖြစ်တယ်။ ဒီလူ့အခွင့်အရေး ချိုးဖေါက်မှုတွေ ဟာ ရောမဥပဒေထဲမှာပါရှိသည့် လူသားဖြစ်မှုကို ဆန့်ကျင်တဲ့ပြစ်မှုရယ်၊ စစ်ရာဇဝတ်မှုရယ် ဆိုတဲ့ အမျိုးအစားထဲမှာ အကျုံးဝင်နိုင်တယ် ဆိုတဲ့အချက် တချက်ဖြစ်ပါတယ်၊ အပိုဒ် ၁၂၂ ထဲမှာ ဘာဆိုထားလဲဆိုတော့ ဒီလိုအခြေအနေ တည်ရှိခြင်းဟာ မြန်မာနိုင်ငံ အစိုးရအနေနဲ့ အဲဒီဖြစ်ရပ်တွေကို လျှင်မြန်ထိရောက်စွာ အရေးယူဆောင်ရွက်ဖို့ တာဝန်ရှိတယ်။ ဒါပေမဲ့လို့ တာဝန်ခံမှုကင်းမဲ့နေတဲ့ အခြေအနေတွေကို အကြောင်းပြုပြီးတော့ ကုလသမဂ္ဂ အဖွဲ့အစည်း တွေဟာ နိုင်ငံတကာပြစ်မှုဆိုင်ရာ ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နိုင်ဖို့အတွက် အချက်အလက်ရှာဖွေ စုဆောင်းနိုင်ဖို့ သီးသန့်အခွင့်အာဏာရှိမယ့် စုံစမ်းစစ်ဆင်ရေးကော်မရှင် တရပ် ကို ဖွဲ့စည်းပေးနိုင်တဲ့ အလားလာတွေကို စဉ်းစားသင့်တယ်ဆိုတာက ထူးခြားချက်ဖြစ် ပါတယ်။

**အာအက်ဖ်အေ**

ဟုတ်ကဲ့၊ လူသားမဆန်တဲ့ ပြစ်မှုတွေ၊ စစ်ရာဇဝတ်မှုတွေမှာ အစိုးရကိုယ်တိုင်ပါဝင် ပတ်သက်နေတယ်ဆိုတဲ့ သူတင်ပြတဲ့ အထောက်အထားတွေရော ခိုင်လုံမှုရှိပါသလားခင်ဗျ၊

**ဦးအောင်ထူး**

လူသားဖြစ်မှုကို ဆန့်ကျင်သည့်ဆိုတဲ့ ပြစ်မှုလို စစ်ရာဇဝတ်မှုတွေနဲ့ ပတ်သက်တဲ့ အဓိက အခြေခံအချက်ကတော့ စနစ်တကျနဲ့ နည်းလမ်းတကျ ကျူးလွန်တယ်ဆိုတာ အဓိက အချက် ဖြစ်တယ်။ အဲဒီတော့ မြန်မာနိုင်ငံထဲမှာ ဖြစ်ပွားနေတဲ့ လူသားဖြစ်မှုကို ဆန့်ကျင်တဲ့ ပြစ်မှုကြီး တွေဟာ စနစ်တကျ ကျူးလွန်တယ်ဆိုတဲ့အဖြေက ဘာကိုဖော်ပြနေလဲဆိုတော့ တရားစီရင်

ရေးနဲ့ပတ်သက်တာဖြစ်ပါတယ်။ ပြစ်မှုကြီးတွေ ဖြစ်ပွားတဲ့အခါတိုင်းမှာ အဓိက တာဝန်ရှိတာက တရားရုံးဖြစ်တယ်။ တရားရုံးတွေက အနည်းဆုံး သေမှုသေခင်း စုံစမ်းစစ်ဆေးပြီးတော့ ဖော်ထုတ်ရမှာဖြစ်တယ်။ ဥပမာဆိုရင် ဒီပဲယင်း ဆိုကြပါဆို့ ဒီဖြစ်ရပ်ကြီးဖြစ်ပွားခဲ့တယ် ဒါပေမဲ့လို့ စနစ်တကျစုံစမ်းစစ်ဆေးခြင်းမရှိဘူး တရားစီရင်ရေးက ရေငုံနုတ်ပိတ်နေတယ်။ မစ္စတာ ကင်တားနား က ပြီးခဲ့တဲ့နှစ်က အစီရင်ခံတစောင်ထွက်ခဲ့သေးတယ် အဲဒီမှာ အဓိကထောက်ပြတဲ့အချက်က တရာစီရင်ရေးမဏ္ဏိုင်ဖြစ်တယ်။ တရားစီရင်ရေးဟာ ဖြစ်ပွားသွားတဲ့ ပြစ်မှုကြီးတွေနဲ့ ပတ်သက်ပြီး အရေးယူဆောင်ရွက်ခြင်းမရှိဘူး။ တရားစီရင်ရေးစနစ်က လွတ်လပ်မျှတတဲ့ တရား စီရင်ရေးစနစ်လုပ်ဖို့ လိုအပ်တယ်လို့ ထောက်ပြပြီးတော့ တရားစီရင်ရေးစနစ် ပြုပြင်ပြောင်းလဲဖို့ အကြီးအကျယ် အကြံပေးခဲ့တယ်။ ဒါပေမဲ့ အခု မတ်လ ၅ ရက်နေ့ ဒုတိယအကြိမ် အစီရင် ခံစာထွက်လာတဲ့ အချိန်အထိကို တရားစီရင်ရေးနဲ့ ပတ်သက်တဲ့ဟာ ဘာမှတိုးတက်လာမှု မရှိခဲ့ဘူး တရားစီရင်ရေးစနစ်က သက်ဆိုင်ရာအစိုးရရဲ့ နအဖရဲ့ လက်ကိုင်တုတ်အဖြစ် အသုံးချခံနေရတဲ့ သဘောမျိုးကို မစ္စတာကင်တားနား က တောက်လျှောက် ထောက်ပြခဲ့တာဖြစ်တယ်။ ဒီအချက်အလဲ ဘာကိုဖော်ပြလဲဆိုတော့ လူ့အခွင့်အရေး ချိုးဖောက်မှုကို စနစ်တကျကျူးလွန် တယ်ဆိုတဲ့နေရာမှာ တရားစီရင်ရေးဟာ ယန္တရားကြီးတရပ်အဖြစ်နဲ့ အသုံးတော်ခံတယ် ဆိုတာကို တင်ပြထားပြီးဖြစ်တယ်။

## အာအက်ဖ်အေ

မစ္စတာကင်တားနားရဲ့ အစီရင်ခံစာထဲမှာ စုံစမ်စစ်ဆေးရေးကော်မရှင်တရပ်ကို ဖွဲ့ဖို့ဆိုတာ အဆိုပြုထားတာပေ့ါလေ ဒီကိစ္စဟာ ဖြစ်နိုင်ခြေရှိပါသလားခင်ဗျ။ နောက်တခုက မစ္စတာကင်တားနားရဲ့ အစီရင်ခံစာဟာ ဘယ်လောက်အထိ ထိရောက်မှုရှိနိုင်ပါသလဲ။

## ဦးအောင်ထူး

ဒီဥစ္စာက ကျနော်တို့ စိတ်နဲ့စဉ်းစားရမယ်ဖြစ်တယ် တကယ်တော့ ၂၀၀၇ ခုနှစ်က စတွက်မယ်ဆိုရင် ၂၀၀၇ ခုနှစ်မှာ ပထမဦးဆုံး ICRC ခေါ်တဲ့ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ်က စတင်ထောက်ပြလာတယ်။ မြန်မာနိုင်ငံထဲမှာ လူ့အခွင့်အရေးချိုးဖေါက်မှုတွေ တနည်းအားဖြင့် ဂျီနီဗာ Convention လို့ခေါ်တဲ့ နိုင်ငံတကာ လူသားခြင်းစာနာ ထောက်ထားတဲ့ ဥပဒေချိုးဖောက်မှုတွေကို မြန်မာနိုင်ငံမှာ ဖြစ်နေပြီးလို့ ပထမဦးဆုံးထောက်ပြလာတာဖြစ်တယ်။ နောက်ပိုင်းကျတော့ လူ့အခွင့်အရေး အထူးကိုယ်စာလှယ် တာဝန်ယူထားတဲ့ မစ္စတာပီညဲရိုး ရှိတယ်၊ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးအထူးကိုယ်စာလှယ်သွားတာ ၃၅ ကြိမ်ရှိနေပြီး ဘာမှမထူးခြားလာဘူး။ ကုလသမဂ္ဂ ဆုံးဖြတ်ချက်ချတာ ၃၇ ကြိမ်ရှိနေပြီး ဘာမှမထူးခြားလာဘူး။ ကနေ့အချိန်မှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေပြီးတော့ စုံးစမ်းစစ်ဆေးဖို့ အခြေအနေရောက်လာပြီး၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကိုယ်တိုင် စစ်ဆေးသင့်တဲ့အချိန် ရောက်လာပြီလို့ ဆောင်းပါးရေးပြီး ထောက်ပြလာတယ်။ ဒါပေမဲ့ သူထောက်ပြတဲ့ အချိန်ကျတော့ သူက အခွင့်အာဏာရှိတဲ့သူ မဟုတ်တော့ဘူး။ အဲဒီနောက်ပိုင်းမှာ ဆက်တိုက်လိုလိုပဲ Amnesty International လို့ခေါ်တဲ့ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်ချမ်းသာခွင့်အဖွဲ့တွေ ဆက်တိုက် ထောက်ပြလာတဲ့ဟာတွေအကုန်လုံးက နိုင်ငံတကာအဆင့်ရှိတဲ့ ပြစ်မှုကြီးတွေ ကျူးလွန်တယ်ဆိုတဲ့အချက်တွေက တခုပြီးတခု ပေါ်လွင်ထင်ရှားလာတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလ ဒုတိယ

အပတ်ထဲမှာ တိုင်းပြည် ၂၉ ခုက လွှတ်တော်အမတ် ၄၄၂ ယောက် လက်မှတ်ထိုး ပြီးတော့ မြန်မာနိုင်ငံထဲမှာ နိုင်ငံတကာပြစ်မှုကျူးလွန်မှုတွေကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းဆောင်ရွက်သင့်တဲ့ အစီရင်ခံသစ်တွေ ထွက်ပေါ်လာတယ်၊ ဒီနောက်ပိုင်းမှာ ဆက်တိုက် ဆက်တိုက်လိုပဲ တင်ပြချက်တွေ အားကောင်းလာတဲ့အခါကျတော့ အခု တရားဝင် လက်ရှိတာဝန်ရှိနေတဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်ကိုယ်တိုင်က အစီရင်ခံချက်ထဲမှာ ထွက်ပေါ်လာတဲ့အခါမှာ ဒီအစီရင်ခံချက်ကို အခြေခံပြီးတော့ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ကနေပြီးတော့ လက်ခံစဉ်းစားရမယ့်အချိန်ရောက်လာပြီးလို့ ကျနော်တို့ သုံးသပ်ပါတယ်။

**အာအက်ဖ်အေ**

နိုင်ငံတကာအဆင့်ရှိတဲ့ ပြစ်မှုကြီးတွေ ကျူးလွန်နေတဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အမှူပြုတဲ့ စစ်ခေါင်းဆောင်တွေကို နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးမှာ ရုံးတင်တရားစွဲနိုင်ဖို့ ဦးအောင်ထူးတို့ မြန်မာနိုင်ငံရှေ့နေများကောင်စီ၊ အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံတို့လို အဖွဲ့အစည်းတွေက ကြိုးပမ်းနေတာရှိတော့က အခုလို မစ္စတာကင်တာနားရဲ့ လူ့အခွင့်အရေးကိုယ်စားလှယ်ရဲ့ အစီရင်ခံစာကြောင့်ပေါ့ခင်ဗျ။ ဒီကြိုးပမ်းမှုအပေါ်မှာ တစုံတရာ အကျိုးသက်ရောက်မှု ရှိနိုင်မလား။

**ဦးအောင်ထူး**

ကျနော်တို့ကတော့ မစ္စတာကင်တားနားရဲ့ အစီရင်ခံစာထွက်လာတဲ့အခါမှာ အင်မတန်ဝမ်းမြောက်တယ်၊ ဘာကြောင့် ဝမ်းမြောက်လဲဆိုတော့ ပြီးခဲ့တဲ့ မတ်လ ၂ ရက်နေ့တုန်းက နယူးယောက်မှာ ကထျင်းပခဲ့တဲ့ သရုပ်ပြ နိုင်ငံတကာတရားခွင်မှာ အမျိုးသမီး ၁၂ ယောက်က လာရောက်ထွက်ဆိုပြီးတဲ့အခါကျတော့ အဲဒီတရုပ်ပြတရားခွင့် ကနေပြီးတော့ မြန်မာနိုင်ငံဖြစ်တဲ့ ပြစ်မှုတွေကို နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးကနေပြီးတော့ စုံစမ်းစစ်ဆေးသင့်တဲ့အချိန်ရောက်ပြီးလို့ သုံးသပ်ချက်တွေ ထွက်ပေါ်လာတယ်၊ ထွက်ပေါ်လာပြီးတဲ့အခါကျတော့ အမျိုးသမီးအဖွဲ့ချုပ်က အမျိုးခေါင်းဆောင်တွေက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီးမွန်းနဲ့ တွေ့တဲ့အခါကျတော့ ဒီကိစ္စကို ဆွေးနွေးတဲ့အခါမှာ မစ္စတာဘန်ကီးမွန်း ဘာကိုအကြောင်းပြန်ခဲ့လဲဆိုတော့ ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စာလှယ် မစ္စတာ သောမတ်ကင်တာနားက တင်ပြမည့်အစီရင်ခံစာကို သူစောင့်နေတယ်ဆိုတဲ့ သတင်းကို ကျနော်ကြားလိုက်ရတယ်၊ အဲတော့ မစ္စတာသောမတ် ကင်တားနားရဲ့ အစီရင်ခံတင်ပြချက် အခုလို ထွက်ပေါ်လာတဲ့အခါမှာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ဒီအပေါ်မှာ တစုံတရာ အလေးထားစဉ်းစားလာလိုက်မယ်၊ ဒီစဉ်းစားချက်အပေါ်မှာ အခြေခံပြီးတော့မှ ကုလသမဂ္ဂ လုံခြုံရေးကောင်စီထဲမှာ စတင်စဉ်းစာလာနိုင်တဲ့ အနေအထားတွေ ပေါ်လာပြီးလို့ ကျနော် သုံးသပ်ပါတယ်။

***(မှတ်ချက်။   ။ အထက်ပါဆောင်းပါးသည် ၂၀၁၀ ခုနှစ်၊ မတ် ၁၂ ရက်နေ့တွင် အာအက်ဖ်အေသတင်းဌာနမှ ဖော်ပြထားချက်ကို စာစောင်ပရိတ်သတ်များအား ပြန်လည်တင်ပြခြင်းဖြစ်သည်။)***

# နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးအကြောင်း သိကောင်းစရာ

BLC Working Team For The ICC
အဖွဲ့ဝင်တစ်ဦး

## I. မိတ်ဆက်ခြင်း

ယခု ရေးသားသည့် “နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးအကြောင်း သိကောင်းစရာ” စာမူသည် နိုင်ငံတကာ ပြစ်မှုတရားရုံးနှင့် ပတ်သက်၍ မြန်မာနိုင်ငံရှေ့ရေနေများကောင်စီရဲ့ လုပ်ငန်းစဉ်အောင်မြင်ဖို့ ပံ့ပိုးလုပ်ဆောင်ပေးနေတဲ့ အဖွဲ့ငယ်[၁]မှ ရေးသားတင်ပြခြင်း ဖြစ်ပါသည်။ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးအကြောင်းနှင့် ပတ်သက်၍ သိလိုသောအခြေခံအချက်များသည် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးဆိုသည်မှာ ဘယ်အနည်း၊ ဘယ်လိုမျိုး ဖွဲ့စည်းထားသလဲ၊ မည်သည့်ပြစ်မှုမျိုးကိုအခြေခံ၍ တရားစွဲဆိုနိုင်သလဲ ဒီအခြေခံအချက်အပေါ်မှာ ရေးသားခြင်းဖြစ်သည်။

## II. နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး နောက်ခံသမိုင်းအကျဉ်း

နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးတစ်ရပ် တည်ထောင်ရန် အီတလီနိုင်ငံ ရောမ[၂] မြို့မှာ ဆွေးနွေးခဲ့သည်။ ၁၉၉၈ ခုနှစ် ဇူလိုင်လ (၁၇) ရက်နေ့တွင် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး ရောမပြဋ္ဌာန်းဥပဒေ[၃] ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ တရားရုံး တည်ထောင်မည့် အကြောင်းနှင့် ပတ်ပက်၍ အဓိကကျသောသမိုင်းကြောင်းသည် ဒုတိယ ကမ္ဘာ့စစ်ပွဲကြီးမှာ ဟစ်တလာက ဂျူးလူမျိုး (၆) သန်းကို သတ်ဖြတ်ခဲ့သည်။ စစ်ပွဲကြီး အဆုံးအသတ်ပြီး သတ်ဖြတ်ခံခဲ့ရသော ဂျူးလူမျိုး (၆) သန်းနှင့် ပတ်သက်သော တရားမျှတမှု ဖော်ထုတ်ရန် စစ်နိုင်သော အုပ်စုဖက်က နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးတခု တည်ထောင်ခဲ့သည်။ ယင်းတရားရုံးသည် ဂျာမဏီနိုင်ငံ နျူးရမ်းဘက်မှာအခြေစိုက်၍ နျူးရမ်းဘက် ပြစ်မှုဆိုင်ရာတရားရုံး[၄] ဟု ခေါ်ကြသည်။ ထို့ပြင် နယ်ချဲ့ဖက်ဆစ်ဂျပန်အစိုးရက ဒုတိယကမ္ဘာ့စစ်ပွဲတွင် ကျူးလွန်ခဲ့သော ပြစ်မှုများကို အရေးယူဖော်ထုတ်ရန် ရည်ရွယ်ပြီး ပြစ်မှုဆိုင်ရာတရားရုံးတခု တည်ထောင်ခဲ့သည်။ ယင်းတရားရုံးသည် ဂျပန်နိုင်ငံ၏ တိုကျိုမြို့မှာ အခြေစိုက်၍ တိုကျိုတရားရုံး[၅] လို့ ခေါ်ဆိုသည်။

စစ်အေးခေတ်ကာလအတွင်းမှာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကြောင့် နိုင်ငံတကာ ပြစ်မှုကြီးများဖြစ်သည့် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှုနှင့် စစ်ရာဇဝတ်မှုများကို ဆက်တိုက်ဆိုသလို ဖြစ်ပွားနေသည်။ ပြည်တွင်းစစ်ကြောင့် မိမိတို့နိုင်ငံအတွင်းမှာလည်း နိုင်ငံတကာနှင့် သက်ဆိုင်သော ပြစ်မှုကြီးများကို ကျူးလွန်ခဲ့ခြင်းဖြစ်၍ ဤအကျိုးသက်ရောက်မှုသည် နိုင်ငံတကာတည် ငြိမ်ရေးနှင့် လုံခြုံရေး[၆]ကို ထိပါးသောပြစ်မှုများဖြစ်နေ၍ အရေးယူဖော်ထုတ်ရန် အထူးသဖြင့် ရာဝမ်းဒါနိုင်ငံနှင့် ယူဂိုဆလားဗီးယားနိုင်ငံများအတွက် သီးခြားနိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး[၇] ကုလသမဂ္ဂ

လုံခြုံရေးကောင်စီ[၈]မှ ဦးဆောင်ဖွဲ့စည်းခဲ့သည်။ ထိုတရားရုံးများသည် ရာဝမ်းဒါနိုင်ငံအတွက် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး[၉]၊ ယူဂိုဆလားဗီးယားနိုင်ငံအတွက် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး[၁၀]များ ဖြစ်သည်။ ထို့နောက် နိုင်ငံတကာတည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိပါးသော နိုင်ငံတကာပြစ်မှုကြီးများ ထပ်ဖြစ်လာလျှင် ယင်းတို့အား အရေးယူရန်၊ ကျူးလွန်သူများကို ကင်းလွတ်ခွင့်များ အဆုံးသတ်ရန်၊ ကျူးလွန်ခံရသူများက တရားမျှတမှုရရှိရန် တည်မြဲသော နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး[၁၁] တရပ်ရှိဖို့ လိုအပ်နေကြောင်း ကမ္ဘာ့နိုင်ငံအတော်များ များက အဆိုပြုလာခဲ့သည်။ ထို့ကြောင့် ၁၉၉၈ ခုနှစ် ဂျူလိုင်လ (၁၇) ရက်နေ့တွင် လွတ်လပ်၍ တည်မြဲသော နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး[၁၂] တည်ထောင်ရန် ဥပဒေတရပ် အတည်ပြုနိုင်ခဲ့ ပါသည်။ ယင်းဥပဒေသည် တရားဝင်ကျင့်သုံးနိုင်အောင် ၂၀၀၂ ခုနှစ်၊ ဂျူလိုင်လ (၁) ရက်နေ့တွင် စတင်၍ အသက်ဝင်အတည်ပြုခဲ့ပါသည်။

## III. နိုင်ငံကာပြစ်မှုဆိုင်ရာ တရားရုံးနှင့်ပတ်သက်၍ သိလိုသောအချက်များ

### A. နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးဆိုတာ ဘာလဲ

နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးဆိုသည်မှာ အခြေခံအားဖြင့် "တရားရုံး[၁၃]" တခု ဖြစ်ပါသည်။ ယင်းတရားရုံးသည် တည်မြဲသော နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ တရားရုံးတခု ဖြစ်ပါသည်။ တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာသည် နိုင်ငံများ၊ အဖွဲ့အစည်းများအပေါ် အခြေခံ၍ တရားစွဲဆိုခြင်း မဟုတ်ပါ။ နိုင်ငံတကာပြစ်မှုကြီးများ လူမျိုးတုံးသတ်ဖြတ်မှု[၁၄]၊ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သောပြစ်မှု[၁၅] နှင့် စစ်ရာဇဝတ်မှု[၁၆]များ ကျူးလွန်ခဲ့လျှင် စွပ်စွဲခံရသော လူပုဂ္ဂိုလ်တဦးချင်းစီကို စုံစမ်းစစ်ဆေးမှု[၁၇]များ၊ တရားစွဲဆိုမှု[၁၈]များ တရားရုံးက ဆောင်ရွက် နိုင်ပါသည်။

### B. တရားရုံး၏ ဌာနချုပ် အခြေစိုက်သောနိုင်ငံ

တရားရုံးသည် နယ်သာလန်နိုင်ငံ ဒီဟိတ်(ဒ်)မြို့မှာ အခြေစိုက်သောနိုင်ငံ သို့မဟုတ် တရားရုံး၏ ဌာနချုပ်ရုံးဖြစ်သည်။ ဒီနိုင်ငံမှာ အခြေစိုက်နိုင်အောင် တရားရုံးနှင့် နယ်သာလန် နိုင်ငံတို့အကြား သဘောတူစာချုပ်[၁၉] တစ်ရပ်အဖြစ် ချုပ်ဆိုထားသည်။ ၎င်းစာချုပ်သည် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့တွင် အတည်ပြုခဲ့၍ ၂၀၀၈ ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ခြင်း ဖြစ်ပါသည်။

### C. အခြားတည်ရှိနေသော နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးများ

ကမ္ဘာမှာ အဓိကအရေးကြီးဆုံး တရားရုံး (၂) ခုရှိပါသည်။ ယင်းတို့အား နိုင်ငံတကာ တရားမျှတမှု တရားရုံး[၂၀] ဖြစ်သည်။ တနည်းအားဖြင့် "ကမ္ဘာ့တရားရုံး[၂၁]"ဟု ခေါ်ဆိုနေသည်။ အခြေခံအားဖြင့် တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် စပ်လျဉ်း၍ နိုင်ငံအချင်းချင်းကြား အငြင်းပွားမှုကိစ္စ[၂၂] ဥပမာအားဖြင့် နှစ်နိုင်ငံ (သို့မဟုတ်) နှစ်နိုင်ငံထက်ပိုသော ရေပိုင်နက်ကိစ္စ၊

နယ်စပ်ကိစ္စ၊ လေပိုင်နက်ကိစ္စ စသည်ဖြင့် ဒီလိုအငြင်းပွားမှုမျိုး ဖြစ်လာလျှင် တရားရုံးက လုပ်ပိုင်ခွင့်အာဏာရှိသည်။ ၎င်းအပြင် ဒီတရားရုံးသည် တရားမမှုတရားရုံး[၂၃]လည်း ခေါ်ဆိုကြသည်။ ဥပဒေ သဘောတရားအဖြစ် တရားမမှုဆိုတာ အပြစ်ဒဏ်ပေးခြင်းမရှိပေ[၂၄]၊ နစ်နာမှု များ[၂၅]အပေါ်မှာ အခြေခံ၍ လျော်ကြေးများ[၂၆] သတ်မှတ်ပေးခြင်း ဖြစ်သည်။ ထို့ကြောင့် "နိုင်ငံတကာ တရားမျှတမှု တရားရုံး"သည် "တရားမတရားရုံး"လို့ ခေါ်ဆိုနေပါသည်။ အခြား ကမ္ဘာ့တရားရုံးတခုက ပြစ်မှုနှင့်သက်ဆိုင်သော တရားရုံးဖြစ်ပါသည်။ ယင်းတရားရုံးအား နိုင်ငံအချင်းချင်း အငြင်းပွားမှုကိစ္စအပေါ်မှာ စီရင်ပိုင်ခွင့်အာဏာမရှိပါ။ ပြစ်မှုကျူးလွန်သူ တဦးချင်းစီကို တရားစွဲဆိုရန်ဖြစ်သည်။ ကမ္ဘာမှာ ပြစ်မှုများအတွက် တည်မြဲသော "နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး[၂၇]"တခုပဲ ရှိပါသည်။

International Criminal Court – ICC လို့ခေါ်တဲ့ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး မတည်ထောင်မီ အခြားသီးသန့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး (၂) ခုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဖွဲ့စည်းခဲ့သည်။ ရာဝမ်းဒါနိုင်ငံအတွက် သီးသန့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး[၂၈]နှင့် ယူဂိုဆလားဗီးယားအတွက် သီးသန့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး[၂၉]တို့ ဖြစ်ကြသည်။ ဒီတရားရုံး ကျင့်သုံးမည့် တရားစီရင်ရေးစနစ်နှင့် ပတ်သက်၍ နိုင်ငံတကာ ဥပဒေ၊ နိုင်ငံတကာ တရားသူကြီးတို့ ဖြစ်ကြသည်။

နိုင်ငံတကာပြစ်မှုများ စစ်ဆေးရန် အခြားအထူးတရားရုံးများ[၃၀]လည်းရှိကြသည်။ ထိုတရားရုံးများသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် ဆီးရာလီရွန်း အထူးတရားရုံး[၃၁]၊ အရှေ့တီမော[၃၂]၊ ကမ္ဘောဒီယား[၃၃]တို့ ဖြစ်ကြသည်။ ဒီတရားရုံး၏ ကျင့်သုံးတဲ့စနစ်ဟာ "ရောနှောထားသော တရားစီရင်ရေး စနစ်[၃၄]" ဖြစ်သည်။ တနည်းအားဖြင့် "ပြည်တွင်းတရားရုံးကို အသုံးပြုပြီး ပြစ်မှုများကို နိုင်ငံတကာဥပဒေနှင့်အညီ စစ်ဆေး စီရင်ဆုံးဖြတ်ခြင်း[၃၅]"ဖြစ်ပါသည်။

## D. နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး ကျင့်သုံးသော ရောမပြဋ္ဌာန်းဥပဒေ[၃၆]

တည်မြဲသော နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး တည်ထောင်ခြင်းသည် အဓိကအားဖြင့် သဘောတူစာချုပ်ကို အခြေခံ[၃၇]၍ တည်ထောင်ခဲ့ကြောင်း ၁၉၉၈ ခုနှစ် ဇူလိုင်လ (၁၇) ရက်နေ့တွင် ကုလသမဂ္ဂ သံအမတ်များဆိုင်ရာ ညီလာခံ[၃၈] အီတလီနိုင်ငံရောမမြို့မှာ နိုင်ငံ (၁၆၀) နိုင်ငံ တက်ရောက်ခဲ့သည်။ ထိုညီလာခံကြီးမှာ တရားရုံး ကျင့်သုံးရမည့်ဥပဒေတခုကို အတည်ပြုလက်ခံခဲ့ခြင်း ယင်းဥပဒေအား ရောမပြဋ္ဌာန်းဥပဒေ[၃၉] တရားဝင်ခေါ်ဆိုသည်။ ပြဋ္ဌာန်းဥပဒေ[၄၀] ဆိုသည်မှာ ယေဘုယျအားဖြင့် ဥပဒေကို စာရွက်စာတမ်းနဲ့ရေးချပြီးမှ တရားရုံး ကျင့်သုံးမည့် တရားစီရင်မှုအတိုင်းအတာကို တိတိကျကျသတ်မှတ်ပြီး တရားစီရင်ရေးလုပ်ငန်း ယန္တရားများကို စတင်အကောင်အထည်ဖော်ရမည်။ ဥပဒေက ရောမပြဋ္ဌာန်းဥပဒေ၊ တရာရုံးက နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး ပိုင်းခြားသတ်မှတ်နိုင်သည်။

တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာအောက်၌ ကျရောက်သော ပြစ်မှုများအပေါ် စစ်ဆေး

စီရင်ရန် သက်သေခံချက်နှင့် လုပ်ထုံးလုပ်နည်း၏ စည်းမျဉ်းစည်းကမ်းများ[၆၁]၊ တရားရုံးနှင့် အဖွဲ့ဝင်နိုင်ငံများ လက်တွဲပူးပေါင်းရေး ယန္တယားလည်းရှိခြင်း ထိုစည်းကမ်းချက်များအတိုင်း လက်ခံသောနိုင်ငံများသည် အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ သို့သော် တရားရုံး၏ အဖွဲ့ဝင် မဟုတ်သောနိုင်ငံများအနေနဲ့ တရားရုံးနဲ့ပူးပေါင်းရန် တာဝန်ရှိကြောင်း အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများသည် အထူးသဖြင့် ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံများဖြစ်နေ၍ တရားရုံး၏ တရားစီရင်ရေးဆိုင်ရာ ကူညီထောက်ပံ့ပေးရန် ကုလသမဂ္ဂနှင့် တရားရုံးတို့အကြား သဘောတူစာချုပ်[၆၂]တခု ချုပ်ဆိုခဲ့သည်။ ထို့ကြောင့် ဒီသဘောတူစာချုပ်အရ ICC ဥပဒေ၏ အဖွဲ့ဝင်မဟုတ်သော နိုင်ငံများ အပေါ်မှာ အကျိုးသက်မှုရှိသည်။

ICC တရားရုံး၏ လုပ်ငန်းလုပ်ရှားမှုများ စီမံအုပ်ချုပ်ရေးအတွက် အထွေထွေမူဝါဒများ ချမှတ်ရန် အဖွဲ့ဝင်နိုင်ငံများ အနည်းဆုံး တစ်နှစ်တစ်ခါ ပုံမှန်အစည်းအဝေး ကျင်းပပေးရမည်။ ထိုအစည်းအဝေးအား အဖွဲ့ဝင် နိုင်ငံများ၏ ညီလာခံအစည်းအဝေး[၆၃] ဟု တရားဝင်ခေါ်ဆိုသည်။ တရားရုံး၏ တစ်နှစ်ဘဏ္ဍာသုံးစွဲခြင်း အတည်ပြုလက်ခံရန်၊ နောက်ထပ် စီမံကိန်းအသစ်ရေးဆွဲရန် ဆွေးနွေးမှုများနှင့် အခြားတရားရုံးနှင့် သက်ဆိုင်သော ကိစ္စရပ်များလည်း အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံအစည်းအဝေးထဲမှာ ဆွေးနွေးကြသည်။

## E. နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး အဖွဲ့ဝင်နိုင်ငံများ[၆၄]

၁၉၉၈ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့တွင် နိုင်ငံတကာပြစ်မှုဆိုင်ရာ ရောမပြဋ္ဌာန်းဥပဒေစာချုပ်ကို လက်ခံအတည်ပြုရန် မဲခွဲဆုံးဖြတ်တဲ့အခါ ထောက်ခံမဲ (၉၂) နိုင်ငံ၊ ကြားနေမဲ (၂၁) နိုင်ငံ၊ ကန့်ကွက်မဲ (၇) ယင်းကန့်ကွက်မဲ (၇) နိုင်ငံများသည် အီရတ်နိုင်ငံ၊ အစ္စရေးနိုင်ငံ၊ လစ်ဗျားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနိုင်ငံ၊ ကာတာနိုင်ငံနှင့် ယီမင်နိုင်ငံတို့ ဖြစ်ကြသည်။ နိုင်ငံတကာပြစ်မှုဆိုင်ရာ ရောမပြဋ္ဌာန်းဥပဒေ ပုဒ်မ (၁၂၆) အရ အဖွဲ့ဝင်အဖြစ် နိုင်ငံပေါင်း (၆၀) နိုင်ငံပြည့်မှသာလျှင် ရောမပြဋ္ဌာန်းဥပဒေကို အသက်သွင်းနိုင်သည်။ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် (၆၆) နိုင်ငံ တရားဝင်လက်မှတ်ရေးထိုးခဲ့၍ ယင်းနေ့ရက်မှ ရောမပြဋ္ဌာန်းဥပဒေကို စတင်အသက်ဝင်ခဲ့သည်။ ၂၀၁၀ ခုနှစ်၊ မတ်လ (၂၄) ရက်နေ့တွင် နောက်ဆုံးစာရင်းအရ ICC အဖွဲ့ဝင်နိုင်ငံများ (၁၁၁) ရှိနေပြီးဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ICC ၏ နောက်ဆုံး အဖွဲ့ဝင်နိုင်ငံ ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများ၏ သက်ဆိုင်ရာဒေသများ အာဖရိက နိုင်ငံပေါင်း (၃၀) နိုင်ငံ၊ အာရှပစိဖိတ် (၁၄) နိုင်ငံ၊ ဥပရောပ (၄၁)နိုင်ငံ၊ မြောက်–အရှေ့–အလယ် အာဖရိကမှ တစ်နိုင်ငံ၊ အမေရိက (၂၅) နိုင်ငံ ဖြစ်ကြသည်။ ICC အဖွဲ့နိုင်ငံများ၏ တာဝန်သည် ICC ဥပဒေထဲ၌ ပါရှိသော ပြစ်မှုဆိုင်ရာပြဋ္ဌာန်းချက်များအရ လိုက်နာခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ထိုဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီအောင် သက်ဆိုင်ရာမိမိတို့နိုင်ငံတို့၏ ဥပဒေတွေကို ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ ပယ်ဖျက်ရန် ပြုလုပ်ရမည်၊ အသစ်ပြဋ္ဌာန်းပေးရမည်။

ICC တရားရုံး ကျင့်သုံးမည့်ဘာသာများသည် (၂) မျိုးဖြစ်သည်။ ယင်းတို့အား အင်္ဂလိပ်ဘာသာနှင့် ပြင်သစ်ဘာသာတို့ ဖြစ်ကြသည်။ ICC တရားရုံးမှ ထုတ်ပြန်သော စာရွက်စာတမ်း

များဖြစ်စေ၊ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံအစည်းအဝေးမှ ထုတ်ပြန်ချက်များဖြစ်စေ တရားဝင် သုံး ဘာသာ (၂) မျိုးစလုံး ဖြစ်စေရမည်ဟု ရောမပြဋ္ဌာန်းဥပဒေမှာ ပြဋ္ဌာန်းထားသည်။

## F. တရားရုံး၏ စီရင်ပိုင်အာဏာနှင့် ပြစ်မှုများ[၅၅]

တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာတွင် အဓိကကျသောပြစ်မှုများနှင့် ပတ်သက်၍ နိုင်ငံ တကာပြစ်မှုကြီးများဖြစ်တဲ့ လူမျိုးတုံးသတ်ဖြတ်မှုများ၊ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် ကျူးကျော်မှုတို့ ဖြစ်ပါသည်။ ကျူးကျော်မှုနှင့် စပ်လျဉ်း၍ တရားရုံးမှ တိုက်ရိုက်အားဖြင့် စီရင်ပိုင်ခွင့်အာဏာမရှိသော်လည်း ICC ရောမပြဋ္ဌာန်းဥပဒေ၏ အဖွဲ့ဝင်နိုင်ငံများအနေနှင့် အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်အဖြစ် လက်ခံခဲ့သည်။ ယင်းလက်ခံသော ပြဋ္ဌာန်းချက်တွင် အခန်း(၂)၊ ပုဒ်မ ၅ (၂) နဲ့အညီ တရားရုံးက စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး ရစေမည်။ ICC တရားရုံးသည် အဓိကအရေးကြီးသော ပြစ်မှုကြီး (၃) ခုအပေါ်မှာ အပြည့်အဝ စီရင်ပိုင်ခွင့် အာဏာရှိပါသည်။ ထိုပြစ်မှုကြီး (၃) ခုတွင် ICC ရောမပြဋ္ဌာန်းဥပဒေ၊ အခန်း (၂)၊ ပုဒ်မ ၅ (၁)၊ အပိုဒ် (က) (ခ) (ဂ) မှာ ပြဋ္ဌာန်းထားသည်။ ၎င်းပြစ်မှုများအရ တရားရုံးထံသို့ စီရင်ပိုင်ခွင့်အာဏာများကို အပြည့်အဝ အပ်နှင်းထားခြင်း ဖြစ်ပါသည်။

### 1. အချိန်ကာလဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာ[၅၆]

တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာသည် ကန့်သတ်ထားခြင်း ဖြစ်ပါသည်။ နိုင်ငံတကာပြစ် မှုဆိုင်ရာ ရောမပြဋ္ဌာန်းဥပဒေ၊ အခန်း (၂)၊ ပုဒ်မ– ၁၁ (၁) အရ ၂၀၀၂ ခုနှစ် ဇူလိုင်လ (၁) ရက်နေ့မှ ဥပဒေအသက်ဝင်ခဲ့ပြီး ထိုအချိန်ကာလမှစ၍ ကျူးလွန်ခဲ့သော၊ ဆက်လက်ကျူးလွန် နေဆဲ ပြစ်မှုများအပေါ် တရားရုံးက စီရင်ပိုင်ခွင့်အာဏာရှိသည်။ ဥပဒေ အသက်မဝင်ခင် ကျူးလွန်ခဲ့သော ပြစ်မှုများအပေါ်မှာ တရားရုံးက စီရင်ပိုင်ခွင့်အာဏာမရှိပါ။ ယင်းအချက်သည် ဥပဒေနောက်ကြောင်းပြန် အကျိုးသက်ရောက်မှု[၅၇] မပေါ်ပေါက်အောင် ကာကွယ်ထားခြင်း ဖြစ်သည်။

### 2. စီရင်ပိုင်ခွင့်အာဏာ ကျင့်သုံးရာ၌ ကြိုတင်သတ်မှတ်ချက်များ[၅၈]

ICC တရားရုံးသည် ICC ရောမပြဋ္ဌာန်းဥပဒေ အခန်း (၂) ပုဒ်မ ၁၂ (၁) အရ နိုင်ငံတခု သည် စာချုပ်ဝင်နိုင်ငံဖြစ်လာခြင်းဖြင့် ဥပဒေ၏ အခန်း(၂) ပုဒ်မ (၅)မှာ ပြဋ္ဌာန်းထားသော ပြစ်မှုများနှင့် စပ်လျဉ်း၍ ယင်းနိုင်ငံအပေါ် တရားရုံးက စီရင်ပိုင်ခွင့်အာဏာရှိသွားမည်။ ပုဒ်မ– ၁၂ (၂) အရ နိုင်ငံတနိုင်ငံအနေဖြင့် တရားရုံး စီရင်ပိုင်ခွင့်အာဏာကို လက်ခံကျင့်သုံးနိုင်သည်။ အခြေခံအားဖြင့် ပုဒ်မ (၁၂)၊ ပုဒ်မခွဲ (၂) အပိုဒ် (က) မှာ နယ်မြေပိုင်နက်အတွင်း၌ ပြဿနာ ဖြစ်ပွားပေါ်ပေါက်ရာနိုင်ငံ (သို့မဟုတ်) အကယ်၍ ပြစ်မှုကို ရေယာဉ် (သို့မဟုတ်) လေယာဉ် အပေါ်တွင် ကျူးလွန်ခြင်းဖြစ်လျှင် ထိုယာဉ်အား မှတ်ပုံထားရာ နိုင်ငံ၊ ထို့ပြင် အပိုဒ် (ခ) အရ ပြစ်မှုစွပ်စွဲခံရသူသည် ထိုနိုင်ငံ၏ နိုင်ငံသားဖြစ်နေသော နိုင်ငံဖြစ်ရမည်။ ဒီပြဋ္ဌာန်းချက်သည် ICC တရားရုံးရောမပြဋ္ဌာန်းဥပဒေ၊ အခန်း(၂) ပုဒ်မ– ၁၃ (က) နဲ့အညီ စာချုပ်ဝင်နိုင်ငံများ

အတွက် ရည်ညွှန်းခြင်း ဖြစ်ပါသည်။ စာချုပ်ဝင်မဟုတ်သည့် နိုင်ငံများအနေနဲ့ ICC တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာကို လက်ခံကျင့်သုံးလိုလျှင် ဒီပြဋ္ဌာန်းဥပဒေ ပုဒ်မ–၁၂ (၃) အရ မှတ်ပုံတင်အရာရှိထံ[၄၉] သီးခြားကြေညာချက်တစ်စောင်[၅၀] တင်သွင်းပါက ပြဿနာဖြစ်ပွားသော ပြစ်မှုနှင့် စပ်လျဉ်း၍ တရားရုံး စီရင်ပိုင်ခွင့်အာဏာကို လက်ခံကျင့်သုံးနိုင်ပါသည်။ တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာ လက်ခံကျင့်သုံးခြင်းသည် လက်ခံကျင့်သုံးလိုသော နိုင်ငံနှင့် ICC တရားရုံး၏ မှတ်ပုံတင်ဌာနနဲ့ သဘောတူချက်ရရှိပြီး လက်ခံကျင့်သောနိုင်ငံသည် ရောမပြဋ္ဌာန်းဥပဒေ အခန်း (၉) နှင့်အညီ တရားရုံး၏ တရားစီရင်ရေးဆိုင်ရာ အကူအညီမှုများကို နှောင့်နှေးမှုများ (သို့မဟုတ်) ခြွင်းချက်မရှိပဲ တရားရုံးနှင့်အတူ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပေးရမည်။

## 3. တရားရုံးက စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးခြင်း[၅၁]

ICC တရားရုံးရောမ ပြဋ္ဌာန်းဥပဒေ၊ အခန်း (၂) ပုဒ်မ (၅) မှာ သတ်မှတ်ပြဋ္ဌာန်းထားသော ပြစ်မှုကြီး (၃) ခု "လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သောပြစ်မှု၊ စစ်ရာဇဝတ်မှု"များအပေါ် တရားရုံးက ဥပဒေပုဒ်မ (၁၃) အရ စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးနိုင်ပါသည်။ တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာအောက်၌ ကျရောက်သောပြစ်မှုကြီးများကို လွှဲအပ်ပေးနိုင်သည့် အခြေအနေ (၃) ခု ရှိသည်။ ယင်းတို့မှာ (၁) စာချုပ်ဝင် နိုင်ငံတနိုင်ငံမှ ICC တရားစွဲဆိုသူထံသို့ ပုဒ်မ (၁၄) နှင့်အညီ လွှဲအပ်ပေးနိုင်ခြင်း[၅၂]၊ (၂) ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်၏ အခန်း (၇)[၅၃]နှင့်အညီ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ တရားစွဲဆိုသူထံသို့ လွှဲအပ်ပေးနိုင်ခြင်း[၅၄]၊ (၃) ICC တရားစွဲဆိုအရာရှိ[၅၅]ထံသို့ ရောမပြဋ္ဌာန်းဥပဒေ ပုဒ်မ (၁၅) နှင့်အညီ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာအရ[၅၆] စုံစမ်းစစ်ဆေးမှုများ စတင်ဖွင့်လှစ်နိုင်ခြင်း ဖြစ်ပါသည်။

## 4. နိုင်ငံတကာပြစ်မှုဆိုင်ရာ ရောမပြဋ္ဌာန်းဥပဒေ၏ အဓိကကျသော ပြစ်မှုကြီးများ[၅၇]

ရောမပြဋ္ဌာန်းဥပဒေ၏ အခန်း (၂)၊ ပုဒ်မ (၅) တွင် "အဓိကကျသောပြစ်မှုကြီး" (၃) ခုကို ပြဋ္ဌာန်းထားသည်။ ယင်းပြစ်မှုကြီး (၃) ခုသည် (၁) လူမျိုးတုံးသတ်ဖြတ်မှု၊ (၂) လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှု၊ (၃) စစ်ရာဇဝတ်မှုတို့ ဖြစ်ပါသည်။ ထိုပြစ်မှုကြီး (၃) ခုအား ပုဒ်မတခုချင်းစီအဖြစ် ထပ်မံပြဋ္ဌာန်းထားပေသည်။ ပုဒ်မ (၆) "လူမျိုးတုံသတ်ဖြတ်မှု" ယင်းပုဒ်မအရ ပြစ်မှုပေါင်း (၅)ခုရှိသည်။ ပုဒ်မ (၇) "လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှု" ယင်းဥပဒေပုဒ်မအရ ပြစ်မှုပေါင်း (၁၁) မျိုးရှိသည်။ ပုဒ်မ (၈) "စစ်ရာဇဝတ်မှု" ပြဋ္ဌာန်းချက်မှာ နှစ်ပိုင်းဖြစ် ပိုင်းခြားသတ်မှတ်ထားသည်။ ယင်းတို့အား ပုဒ်မ ၈ (၂) (က)တွင် "၁၉၄၉ ခုနှစ် ဩဂုတ်လ (၁၂) ရက်နေ့ ဂျီနီဗာသဘောတူစာချုပ်ကို ကြီးမားသော ချိုးဖောက်မှုများ[၅၈]" ပြစ်မှုပေါင်း (၈) ခုဖြင့် ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၈ (၂) (ခ)တွင် "နိုင်ငံတကာ ဥပဒေဘောင်အတွင်း၌ အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခနှင့် သက်ဆိုင်သည့် ကျင့်သုံးသောဥပဒေများနှင့် ဓလေ့ထုံးတမ်းများကို ပြင်းထန်စွာ အခြားချိုးဖောက်မှုများ[၅၉]" ပြစ်မှု (၂၆) ခု ပါရှိသည်။ ပုဒ်မ ၈ (၂) (ဂ) တွင် "အပြည်ပြည်ဆိုင်ရာ လက္ခဏာမဆောင်သည့် လက်နက်ကိုင်

ပဋိပက္ခဖြစ်ပွားရာတွင် ၁၉၄၉ ခုနှစ် ဩဂုတ်လ (၁၂) ရက်နေ့၊ ဂျီနီဗာသဘောတူညီချက် (၄) ရပ်နှင့် သက်ဆိုင်သည့် ပုဒ်မ (၄) ကို ပြင်းထန်စွာ ချိုးဖောက်မှုများဖြစ်သည့် ဖျားနာနေသော၊ ထိခိုက်ဒဏ်ရာနေသော၊ ဖမ်းဆီးချုပ်နှောင်ခြင်းခံနေရသော၊ (သို့မဟုတ်) အခြားအကြောင်းကြောင့် စစ်မတိုက်နိုင်သော လက်နက်ချပြီးသည့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များအပါအဝင် တိုက်ပွဲများတွင် တက်ကြွစွာ ပါဝင်တိုက်ခိုက်ခြင်းမရှိသူများ ဆန့်ကျင်၍ ကျူးလွန်သောပြစ်မှုများ[၆၀]” အခြားပြစ်မှု (၄) ခု လည်း ပါရှိသည်။ ပုဒ်မ ၈(၂) (င)တွင် “အပြည်ပြည်ဆိုင်ရာ ဥပဒေဘောင်းအတွင်းတွင် နိုင်ငံတကာမဆောင်သည့် လက်နက်ကိုင်ပဋိပက္ခ (ပြည်တွင်းစစ်)များအတွင်းတွင် ကျင့်သုံးသောဥပဒေများ၊ ဓလေ့ထုံးထမ်းများကို ဆိုးဝါးစွာချိုးဖောက်မှု များ[၆၁]” ပြစ်မှု (၁၂) ခုရှိပါသည်။ တနည်းအားဖြင့် စစ်ရာဇဝတ်နှင့် ပတ်သက်၍ ပုဒ်မ (၈) တွင် နှစ်ပိုင်းဖြင့် ပိုင်းခြားထားသည်။ ယင်းတို့အား နိုင်ငံတကာ လက်နက်ကိုင်ပဋိပက္ခနှင့် တိုင်းပြည်အတွင်း လက်နက်ကိုင် ပဋိပက္ခတို့ ဖြစ်ပါသည်။

## IV. နိဂုံးချုပ်

ဒီလောကပါလဂျာနယ် အမှတ်စဉ်ထဲတွင် ပါရှိသည့် “နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး အကြောင်း သိကောင်းစရာ” သည် တရားရုံးနှင့် ပတ်သက်၍ သိလိုသော အဓိကအချက်များကို ရေးသားတင်ပြထားခြင်း ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး ရောမ ပြဋ္ဌာန်းဥပဒေ ပြဋ္ဌာန်းချက်ထဲမှာ ပါရှိသောပြစ်မှုကြီး (၃) ခုလည်း အနည်းအကျဉ်း မိတ်ဆက်ထားခြင်းဖြစ်သည်။ ထိုပြစ်မှု (၃) ခုနှင့် စပ်လျဉ်း၍ အသေးစိတ်ကျသော အချက်များ၊ ပြစ်မှု တခုချင်းစီ၏ ဆိုလိုချက်များနှင့် ပြစ်မှုကျူးလွန်သူများကို ပြစ်မှုဆိုင်ရာ တာဝန်ခံမှုများအကြောင်း စသဖြင့် နောက်ထပ် လောကပါလဂျာနယ် အမှတ်စဉ်အသစ်တခု ထုတ်ဝေတဲ့အခါ ဆက်လက်ဖြန့်ဝေသွားမည် ဖြစ်ပါသည်။

**(Endnotes)**

* “An International Criminal Court – ICC”
1 Burma Lawyers’ Council Working Team For the International Criminal Court – BLC W.T for the ICC
2 Rome
3 Rome Statute of the International Criminal Court
4 Nuremburg War Criminal Tribunal.
5 Tokyo Tribunal.
6 International Peace and Security.
7 Ad-hoc International Criminal Tribunal.
8 The United Nations Security Council – UNSC.
9 International Criminal Tribunal for Rwanda – ICTR.
10 International Criminal Tribunal for Former of Yugoslavia – ICTY.
11 Independent and permanent International Criminal Court.
12 Independent and permanent international criminal court

13 Court
14 Genocide.
15 Crimes Against Humanity.
16 War Crimes
17 Investigation
18 Prosecution or Conviction
19 Headquarters Agreement between the International Criminal Court and the host State.
20 International Court of Justice
21 World Court
22 Disputes between two or more countries such bordering as land, sea, air etc.
23 Civil Court
24 No Punishment
25 Remedies
26 Compensations
27 International Criminal Court – ICC
28 Ad-hoc International Criminal Tribunal for Rwanda – ICTR
29 Ad-hoc International Criminal Tribunal for Former of Yugoslavia – ICTY
30 Internationalized Courts or Special Courts
31 The Sierra Leone Special Court
32 East Timor
33 Cambodia
34 Hybrid Court System
35 Forming within National Court System and applying international criminal law
36 Rome Statute of the international criminal court
37 Treaty-based
38 United Nations Diplomatic Conference of Plenipotentiaries
39 Rome Statute
40 Statute
41 Rules of Procedures and Evidence
42 An Agreement between the United Nations and the International Criminal Court
43 The Assembly of States Parties – ASP
44 States Parties of the Rome Statute of the International Criminal Court
45 Jurisdiction and Crimes of the ICC
46 Temporal Jurisdiction of the ICC (officially language of the Rome Statute as "Jurisdiction ratione temporis")
47 Retroactive law
48 Preconditions to the exercise of jurisdiction of the ICC
49 Registrar of Office of Registry of the ICC
50 Ad-hoc declaration
51 Exercise of Jurisdiction
52 Referral of a situation by the State Party
53 Under Chapter VII of Charter of the United Nations
54 Referral by the United Nations Security Council
55 Prosecutor
56 Proprio Motu as owned authority

57 Core Crimes of the Rome Statute of the ICC

58 Grave Breaches of the Geneva Conventions of 12 August 1949

59 Other Serious violations of the laws and customs applicable in international armed conflict

60 In the case of an armed conflict not of an international armed character, serious violations of article 3 Common to the Four Geneva Conventions of 12 August 1949 – acts committed against persons taking no active part in the hostilities, including members of armed forces who have laid down their arms and those placed hors de combat by sickness, wounds, detention or any other causes.

61 Other serious violations of the laws and customs applicable in armed conflicts not of an international character within the established framework of international law.

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
*PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910*
*E-mail : blcsan@ksc.th.com; Website : www. blc-burma.org*

## ကုလသမဂ္ဂ လုံခြုံရေးကောင်စီက စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းရေး ဆိုင်ရာ ထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားကျူးလွန်လျက်ရှိသော နိုင်ငံတကာပြစ်မှုကြီးများနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းပေးရန် နိုင်ငံပေါင်း (၂၉) နိုင်ငံက လွှတ်တော်ကိုယ်စားလှယ် ၄၀၀ ကျော်က စုပေါင်းလက်မှတ်ရေးထိုးကာ တောင်းဆိုခြင်းကို မြန်မာနိုင်ငံရှေ့နေများကောင်စီ က လှိုက်လှဲစွာ ထောက်ခံကြိုဆိုသည်။ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးတည်ထောင်သည့် တိုင်းပြည်အစိုးရများ၏ ရှစ်ကြိမ်မြောက် ညီလာခံကို မြန်မာနိုင်ငံရှေ့နေများကောင်စီအား (CICC) က ဖိတ်ကြားတက်ရောက်စေခြင်း၊ ယင်းညီလာခံ၏ အစည်းအဝေးတခုတွင် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး တရားစွဲအရာရှိချုပ်က မြန်မာနိုင်ငံနှင့် စပ်လျှဉ်း၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကိစ္စကို ဆက်လက်ကြိုးပမ်းသွားကြဖို့ အားပေးတိုက်တွန်းခြင်း၊ ယခုကမ္ဘာနှင့်အဝှမ်းမှ လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်များ ပေါ်ထွက်လာခြင်းတို့ စဉ်ဆက်မပြတ် ဖြစ်ပေါ်လာသည်ကို တွေ့ရသည်။

၂။ အဆိုပါတောင်းဆိုချက် ပေါ်ထွက်လာခြင်းမှာ လွန်စွာအရေးကြီးကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ သောမတ်စ် ကင်တားနားကလည်း ဖြေကြားသွားခဲ့သည်။ စင်စစ်အားဖြင့်မူ ၎င်းကိုယ်တိုင်က ဤသို့ ပြတ်ပြတ်သားသား တောင်းဆိုတင်ပြရန် တာဝန်ရှိပါသည်။ ၎င်း၏ ရှေ့ပိုင်းက တာဝန်ယူသွားခဲ့သော ပါမောက္ခ ပေါ်လိုဆာဂျီယို ပင်ဟေးရိုး သည်လည်း သူကိုယ်တိုင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်အဖြစ် တာဝန်ယူနေခဲ့စဉ်က တောင်းဆိုခဲ့ခြင်းမရှိခဲ့။ တာဝန်မှ နှုတ်ထွက်ပြီး လတချို့အကြာရောက်မှ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးယူသင့်ပြီဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းစေလွှတ်သင့်ပြီဖြစ်ကြောင်း တင်ပြခဲ့သည်။ မြန်မာနိုင်ငံ လူ့အခွင့်အရေးရရှိရေးအတွက် များစွာနစ်နာခဲ့ရသည်။ ယခုလည်း မစ္စတာ သောမတ်စ် ကင်တားနား ကိုယ်တိုင်က တောင်းဆိုသင့်ကြောင်း ၎င်းအား အားလုံးက ဝိုင်းဝန်းကာ သဘောထားပေးပို့သင့်ကြပြီ ဖြစ်သည်။ သို့မှသာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အနေနှင့် ဥပက္ခာပြုထား၍မရတော့ပဲ လုံခြုံရေးကောင်စီတွင် တင်ပြလာရတော့မည် ဖြစ်ပါသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ က စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းစေလွှတ်တော့မှသာ နအဖ အနေဖြင့် မလွှဲသာမရှောင်သာ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

၃။ မြန်မာနိုင်ငံအတွင်း နိုင်ငံတကာပြစ်မှုကြီးများ ကျူးလွန်ပေါ်ပေါက်နေသည့်အနက် ကလေးစစ်သားစုဆောင်းခြင်းမှာ လွန်စွာထင်ရှားပေါ်လွင်နေသည်။ နအဖ တပ်မတော်အတွင်း ကလေးစစ်သားပေါင်း မြောက်များစွာကို စုဆောင်းခိုင်းစေနေကြောင်း နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းကြီးများ၏ အစီရင်ခံချက်များ ထွက်ပေါ်ခဲ့ပြီး ဖြစ်သည်။ ယခုတိုင် နအဖ စစ်တပ်သည် တနေရာမဟုတ် တနေရာတွင်၊ တနည်း မဟုတ် တနည်းဖြင့် ကလေးစစ်သားများကို ဆက်လက်စုဆောင်းလျက်ရှိကြောင်း သိရသည်။ ဤသည်မှာ စစ်ရာဇဝတ်မှု အတိအကျဖြစ်သည်။ ဤပြစ်မှု တခုတည်းဖြင့်ပင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးတွင်တင်၍ စစ်ဆေးရမည်ဖြစ်သည်။

ဒီဇင်ဘာလ (၁၁) ၂၀၀၉ ခုနှစ်

# စာစောင်မှာယူခြင်း

သို့
တာဝန်ခံ
ရုံးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အခြေခံဥပဒေရေးရာစာစောင်ကို မှန်မှန်ဖတ်ရှုလိုပါသဖြင့် အောက်ဖော်ပြပါ လိပ်စာအတိုင်း ပေးပို့ပါရန် မှာကြားအပ်ပါသည်။

လေးစားစွာဖြင့်
လက်မှတ် ________________
အမည် ________________
ရက်စွဲ ________________

စာစောင်မှာယူသူအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များ တင်ပြပေးရန် ပန်ကြားအပ်ပါသည်။

အဖွဲ့အစည်းအမည် (အဖွဲ့အစည်းတခုခု၏ အဖွဲ့ဝင်ဖြစ်ပါက)
___________________________

စာစောင်မှာယူသည့်ရည်ရွယ်ချက်၊
___________________________

မှာယူလိုသည့်စာအုပ်အရေအတွက် ( ___ )အုပ်။
ယခင်ထုတ်ဝေခဲ့သော စာစောင်များ မှာယူလိုပါက –
အမှတ်စဉ် ( ___ )၊ အုပ်ရေ ( ___ ) အုပ်။
စာအုပ်ပေးပို့ရမည့်လိပ်စာ
___________________
_________________________

ဤအမှာစာကို
Burma Lawyers' Council, P.O Box-144, Mae Sot, Tak, Thailand, 63110 သို့ပေးပို့ရန်။

ဤနေရာမှ ဖြတ်ပါ။

ဤစာရွက်ကို ဖြတ်၍ ဖြည့်စွက်ရေးသားရန်၊ ထို့နောက် အထက်ပါလိပ်စာအတိုင်း ပေးပို့ရန်။

# မြန်မာနိုင်ငံရှေ့နေများကောင်စီ

# Burma Lawyers' Council

BURMA LAWYERS' COUNCIL
P.O Box 144 Mae Sod, Tak, 63110 Thailand
Email: blcsan@ksc.th.com, Website: www.blc-burma.org